မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၈ ရက်၊ ၂၀၀၉ ခုနှစ်၊ ဧပြီ ၁၇ ရက်၊ သောကြာနေ့၊ အတွဲ (၄၈)၊ အမှတ်(၁၉၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆီးရီးယားနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၇

၂၀၀၉ ခုနှစ် ဧပြီ ၁၇ ရက်တွင် ကျရောက်သော ဆီးရီးယားအာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆီးရီးယားအာရပ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘာရှာ အယ်လ် အာဆတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

အိုင်တီကို ထိရောက်စွာအသုံးချနိုင်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်
ပြည်တွင်းပြည်ပဈေးကွက်နှင့် အိုင်တီစက်မှုလုပ်ငန်းများကို ထိရောက်စွာ ချိတ်ဆက်ပေး
ဈေးကွက်ရရှိရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆက်စပ်စဉ်းစား အားပေးပျိုးထောင်

သတင်းအချက်အလက်နည်းပညာပစ္စည်းများ ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရတနာပုံမြို့သစ်၌ ရင်းနှီးလုပ်ကိုင်ကြမည့် ကုမ္ပဏီအလိုက်ထုတ်လုပ်သွားမည့် သတင်းအချက်အလက်နည်းပညာပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နေပြည်တော် ဧပြီ ၁၆

နေပြည်တော်မှ မန္တလေးတိုင်း ပြင်ဦးလွင်မြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီ ၁၃ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့နယ်၌ တည်ဆောက်လျက်ရှိသည့် ရတနာပုံမြို့သစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရောက်ရှိ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့်ဗိုလ်ချုပ်မင်းအောင်လှိုင်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ *စာမျက်နှာ ၈ ကော်လံ ၁* ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရဲရွာရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် တည်ဆောက်ပြီးစီးမှုများ ကြည့်ရှုစစ်ဆေး
ရေအားလျှပ်စစ်စီမံကိန်းကြီး အပြီးသတ်တည်ဆောက်မှုအပိုင်းသို့ ရောက်ရှိနေပြီ စက်များတပ်ဆင်ရာမှအစ လုပ်ငန်းအားလုံးကို အမှားအယွင်းမရှိရေး ဂရုပြုဆောင်ရွက်ရန်မှာကြား

နေပြည်တော် ဧပြီ ၁၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီ ၁၄ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ မြစ်ငယ်မြစ်ပေါ်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂)တည်ဆောက်ရေးက တာဝန်ယူတည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် တည်ဆောက်ပြီးစီးမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးအားပေးသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

မြန်မာ့အလင်း

အယ်ဒီတာ့အာဘော်

(၂၀၀၉ခုနှစ် ဧပြီ ၁၇ရက်)

နှစ်ဦးအခါသမယ ကုသိုလ်ကောင်းမှုပွားများ တက်ကြွသောအားမာန်သစ်ဖြင့် အနာဂတ်ခရီးကိုလျှောက်လှမ်း

၁၃၇၁ခုနှစ် တန်ခူးလပြည့်ကျော် ၈ရက် (၂၀၀၉ ခုနှစ် ဧပြီ ၁၇ရက်)သောကြာနေ့(ယနေ့)သည် မြန်မာတို့၏နှစ်ဦး နှစ်သစ်ကူး အခါသမယနေ့ ဖြစ်သည်။

၁၃၇၀ပြည့်ကုန်လွန်၍ ၁၃၇၁ခုနှစ်သို့ ကူးပြောင်းရောက်ရှိခဲ့ပြီဖြစ်သည်။ မြန်မာ့ရိုးရာသင်္ကြန် နှစ်သစ်ကူးပွဲတော်ကာလအတွင်း တစ်ဦးနှင့်တစ်ဦး အတာရေပက်ဖျန်းကစားခဲ့သဖြင့် အေးမြကြည်လင် ပျော်ရွှင်စေခဲ့ကြသည်။

နှစ်ဟောင်းမှ အညစ်အကြေးများကို အတာရေဖြင့် ဆေးကြောသန့်စင်ကာ နှစ်သစ်တွင် စိတ်သစ်၊ လူသစ်၊ အားမာန်သစ်ဖြင့် အနာဂတ်ခရီးကို လျှောက်လှမ်းကြရမည်ဖြစ်သည်။

မင်္ဂလာရှိသော မြန်မာနှစ်ဆန်းတစ်ရက်နေ့အခါသမယတွင် မြန်မာပြည်သူတစ်ရပ်လုံးသည် ကောင်းမြတ်သော ပြုဖွယ်ရာများကို ရိုးရာမပျက် ဆောင်ရွက်လျက်ရှိသည်။ ကုသိုလ်ဒါန ကောင်းမှုကိစ္စအဝဝကို ပြုကြမြဲဖြစ်သည်။

ဤနေ့ဤရက်တွင် ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ဘုရား၊ ကျောင်းကန်၊ စေတီ၊ ပုထိုးများသို့ သွားရောက်၍ ဥပုသ်သီလ ဆောက်တည်ကြသည်။ အလှူဒါနများပြုကြပြီး တရားဘာဝနာ ပွားများအားထုတ်ကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ လူငယ်၊ လူရွယ် သားကောင်း၊ သမီးကောင်းများသည် လူကြီး၊ မိဘ၊ ဆရာသမားများအား အရိုအသေပြု ကန်တော့ကြသည်။ အဘိုး၊ အဘွားတို့အား ရေချိုးပေးခြင်း၊ ခေါင်းလျှော်ခြင်း၊ လက်သည်း၊ ခြေသည်း လှီးဖြတ်ပေးခြင်းတို့ဖြင့် ဂါရဝပြု ကုသိုလ်ယူကြသည်။ စတုဒိသာကျွေးမွေးခြင်းဖြင့် အလှူဒါနပြုကြသည်။

ယခုကဲ့သို့ တိုင်းရင်းသားပြည်သူအပေါင်းတို့ အေးချမ်းပျော်ရွှင်စွာ အတာရေသဘင်ပွဲ ဆင်နွှဲနိုင်ခြင်း၊ ကောင်းမှုကုသိုလ်ပြုနိုင်ခြင်းတို့သည် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းခြင်း၏ ရလဒ်ပင်ဖြစ်သည်။

သို့ဖြစ်ပေရာ တိုင်းရင်းသားပြည်သူများသည် မြန်မာ့နှစ်သစ်ချိန်ခါသမယတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ စိတ်သစ်၊ လူသစ်၊ အားမာန်သစ်ဖြင့် အရောက်လျှောက်လှမ်းကြပါစို့ဟု ဆန္ဒမွန်ပြုလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၁၆

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ ကြီးမှူးပြီး မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းကျင်းပမည့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ(၂၀၀၉)ကို မေ ၁ရက်မှ ၃ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ပါဝင်ပြသလိုသော လုပ်ငန်း၊ ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင်(၄) အခန်း(၄) မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၅၂၂၇၆ သို့ ဧပြီ ၁၀ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၇-၄-၂၀၀၉ ရက်(သောကြာနေ့)
၁၃၇၁ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့
(ဥပုသ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ (အဖွဲ့ဝင်) မကွေးတိုင်း ပွင့်ဖြူမြို့ ရွှေစေတီကျောင်းတိုက် ဆရာတော်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလ ဟောကြားတော် မူအပ်သော ''နှစ်သစ်မင်္ဂလာ တရားတော်''
- ၈း၀၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၁၅ ၆။ ခါသင်္ကြန်အဆိုအကများ
- ၈း၃၀ ၇။ International News
- ၈း၄၀ ၈။ ဘဒ္ဒန္တကုမာရ (အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဥက္ကဋ္ဌ ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ မဟာဝိသုတာရာမ တိုက်သစ် မကွေးမြို့ထံမှ နဝင် ဥပေါသထသီလ ခံယူဆောက်တည်ခြင်း
- ၉း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ သံဃာတော်အပါး (၅၀၀၀)က ချီးမြှင့်သော ပရိတ်တရားတော်
- ၄း၁၀ ၂။ ဓမ္မပူဇာတေးအစီအစဉ်
- ၄း၄၀ ၃။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
- ၄း၅၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(အင်္ဂလိပ်စာ အထူးပြု) (အင်္ဂလိပ်စာ)
- ၄း၅၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၆။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၅း၁၀ ၇။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော် သံစုံတီးဝိုင်း ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
- ၅း၁၅ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅း၂၅ ၉။ နှောင်းခေတ်တေးပဒေသာ
- ၅း၄၀ ၁၀။ ခါသင်္ကြန်အဆိုအကများ
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၃။ မန္တလေးမြို့မစိန်ရတု
- ၇း၁၅ ၁၄။ သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်
- ၇း၃၀ ၁၅။ ရွှေတောင်မြို့ ကျီးသဲလေးထပ် ဆရာတော်ကြီး၏ ပကိဏ္ဏကနမက္ကာရအစိန္တေယျ ဘုရားရှိခိုးကြီး (ဒါရိုက်တာ-ဦးသုခ၊ မောင်နှင်းမိုး)
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ ဇေယျတုသဗ္ဗမင်္ဂလံ (ဆရာကြီးဦးသုခ)
- ၂၀။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
- ၂၁။ အစီအစဉ်ပြီး၏။

ကောင်းမှုအထူး နှစ်သစ်ကူး

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့ကို ကိုးကွယ်ဆည်းကပ် ရှိသေလေးမြတ်သူတို့သည် သစ္စာလေးပါးအမြတ်တရားကို ပညာဖြင့် ကောင်းစွာ ထောက်ချင့် ရှုမြင်တတ်၏။

ဤရတနာသုံးပါးသည်''**စင်စစ် ဘေးရန်ခပ်သိမ်းကင်းငြိမ်းနိုင်သော ကိုးကွယ်ရာအစစ်ဖြစ်၏။ အမှန်တကယ် မြင့်မြတ်ပေသော ကိုးကွယ်ဆည်းကပ်ရာဖြစ်၏။ ဤကိုးကွယ်ရာကိုစွဲမှတ်၍ ခပ်သိမ်းသော ဆင်းရဲအပေါင်းမှ လွတ်မြောက်စေရ၏**''ဟူ၍ မြတ်ဗုဒ္ဓက ဟောဖော်ညွှန်ပြထားသည်။

ဒါန၊ သီလ စသည့် ကုသိုလ်ကောင်းမှုအစုစုကို အဖန်ဖန်အထပ်ထပ်ပြုလုပ်ခြင်း၊ ထိုကောင်းမှုကုသိုလ်ပြုခြင်း၌ နှစ်သက်ဆန္ဒရှိခြင်း၊ ကောင်းမှု ကုသိုလ်တို့ကို ဆည်းပူးပွားများခြင်းတို့သည် ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာသောလမ်းကောင်း၊ ချမ်းသာခြင်းအကြောင်းဖြစ်၏။ ဒါနရှိသောပုဂ္ဂိုလ်တို့သည် လောကအလယ်တွင် စည်းစိမ်ဥစ္စာ၊ ခြွေရံသင်းပင်း၊ အရှိန်အဝါ ဩဇာတို့နှင့်ပြည့်စုံမည်ဖြစ်၏။ သီလရှိသူတို့၏ဂုဏ်သတင်းသည်ကား နတ်ပြည်၊ ဗြဟ္မာပြည်သို့တိုင်အောင် ဂုဏ်သတင်း မွှေးပျံ့သင်းကြိုင်ကာ ထူးကဲမွန်မြတ်လှပေ၏။

ထို့အပြင် ကောင်းမြတ်သောတရားတော်တည်းဟူသော အမြိုက်ရေအေးကို သောက်ရသောသူသည် ကြည်လင်သောစိတ်နှင့် အေးမြချမ်းသာစွာ နေရ၏။ သူတော်ကောင်းတရားနာကြားသောသူတို့သည် ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့ ဟောကြားအပ်သော တရားဒေသနာတို့ကို နာကြားရသည်ဖြစ်၍ မျက်မှောက်ဘဝတွင် နှလုံးစိတ်ဝမ်း ချမ်းမြေ့ခြင်းကို ရကြရုံမျှမက နောင်တမလွန်တွင်လည်း ကောင်းသောကုသိုလ်ထူးကို ရရှိကြမည်ဖြစ်သည်။

သို့ဖြစ်၍ နှစ်သစ်ကူးသင်္ကြန်အခါကာလတွင် ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ဖော်ပြပါ ကောင်းမှုအစုစုဖြစ်သည့် ဗုဒ္ဓရုပ်ပွားတော်များကို ရေသပ္ပာယ်ခြင်း၊ ရဟန်း သံဃာတော်များအား ဆွမ်းဘောဇဉ်များကပ်လှူခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ဗုဒ္ဓတရားတော်များကိုနာကြားခြင်း၊ ဘာဝနာတရားများ ပွားများခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ ဘိုးဘွား မိဘဆရာသမားတို့အား ပူဇော်ကန်တော့ခြင်း၊ တိရစ္ဆာန်များကို ဘေးမဲ့လွှတ်ခြင်း စသည့် မွန်မြတ်သန့်စင်သော ကောင်းမှုဒါနကုသိုလ်အစုစုတို့ကို ပြုလုပ်ကြခြင်းဖြင့် ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာလမ်းကောင်း ချမ်းသာခြင်း အကျိုးထူးများကို ရရှိကြမည်မှာ မလွဲဧကန်အမှန်ပင်ဖြစ်ပေသည်။

သောမန

လွယ်ဂျယ်စည်ပင် ကျေးရွာချင်းဆက်လမ်း သဲကျောက်ခင်း

ဖန်းမော် ဧပြီ ၁၆

လွယ်ဂျယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ဝင်းခမ်း-ကောင်းဆာ ကျေးရွာချင်းဆက်လမ်း သဲကျောက်ခင်းခြင်းလုပ်ငန်းကို ဧပြီ ၄ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချို စစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းမြင့်၊ တာဝန်ခံအင်ဂျင်နီယာ ဦးဝဏ္ဏတို့က ရှင်းလင်းတင်ပြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

လက်ဘနွန်နိုင်ငံသို့ စပိန်တပ်ဖွဲ့ဝင် ၂၂၀ စေလွှတ်မည်

မက်ဒရစ် ဧပြီ ၁၆

အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးအဖြစ် လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့သို့ စပိန်နိုင်ငံမှ တပ်ဖွဲ့ဝင် ၂၂၀ အား စေလွှတ်မည်ဖြစ်ကြောင်း စပိန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ဧပြီ၁၂ရက်က သတင်းထုတ်ပြန်သည်။ လာမည့်လေးလအတွင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အရ လက်ဘနွန်နိုင်ငံအရှေ့ပိုင်း၌ ငြိမ်းချမ်းရေး ဆောင်ရွက်ရန်အတွက် နီပေါ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ပိုလန်နှင့် တရုတ်နိုင်ငံတို့မှ ၁၇၀၁ဦးအား ထပ်မံဖြည့်စွက်ပေးမည်ဖြစ်သည်။ (အင်တာနက်)

ကမ္ဘာ့ကုန်စည်ပြပွဲ ရှန်ဟိုင်း၌ကျင်းပမည်

ပေကျင်း ဧပြီ ၁၆

၂၀၁၀ပြည့်နှစ်တွင် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပမည့် ကမ္ဘာ့ကုန်စည်ပြပွဲအတွက် နည်းပညာရှင်၊ အတတ်ပညာရှင် ၅၈ဦးပါဝင်သည့် ဌာနဆိုင်ရာအဖွဲ့ ဖွဲ့စည်းထားရှိသည်။

စီမံဆောင်ရွက်

ယင်းအတတ်ပညာရှင်များအဖွဲ့၌ အီလက်ထရွန်နစ်၊ ကြေးနန်းဆက်သွယ်ရေးကဏ္ဍနှင့် အလိုအလျောက်အသုံးပြုစက်များနှင့် ပတ်သက်၍ စီမံကိန်းလုပ်ငန်းများကို စီမံဆောင်ရွက်လျက်ရှိသည်။

တရုတ်နိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပမည့် ရှန်ဟိုင်းကုန်စည်ပြပွဲသို့ နိုင်ငံတကာမှ ခရီးသည် သန်း၇၀ခန့်ရောက်ရှိမည်ဟု မျှော်လင့်ထားရှိပြီး အထူးသဖြင့် ခရီးသွားလုပ်ငန်း တိုးမြှင့်လာမည် ဖြစ်သည်။ (အင်တာနက်)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရဲရွာရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးအားပေးစဉ်။ (သတင်းစဉ်)

ရှေ့ဖုံးမှ

ရဲရွာရေအားလျှပ်စစ်စီမံကိန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ရဟတ်ယာဉ်များဖြင့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ရဲရွာရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ တည်ဆောက်အသုံးပြုလျက်ရှိသော ချဉ်းကပ်လမ်းအခြေအနေများ၊ အခြားတည်ဆောက်ပြီးစီးပြီဖြစ်သော ရေလွှဲဥမင်လိုဏ်ဖောက်လုပ်ခြင်း လုပ်ငန်း၊ ရေလွှဲဥမင်လိုဏ်အဝင်အထွက်လုပ်ငန်းနှင့် RCC ပင်မတမံလုပ်ငန်းတို့ကို လည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများဖြစ်သော ရေယူအဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း၊ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်း၊ ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်းနှင့် Switch Yard တည်ဆောက်မှုလုပ်ငန်းအခြေအနေများကို လည်းကောင်း၊ စီမံကိန်းလုပ်ငန်းတစ်ခုလုံးအနေဖြင့် ၇၉ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီး လျာထားကာလအတွင်း စီမံကိန်းပြီးစီးအောင် စီမံထားသည့် အခြေအနေများကို လည်းကောင်း၊ ပြည်ပမှ တင်သွင်းလာသော ဓာတ်အားပေးစက်ရုံ၏ အကြီးစားစက်ပစ္စည်းများကို ရန်ကုန်မှတစ်ဆင့် စီမံကိန်းလုပ်ငန်းခွင်သို့ သယ်ယူမှုအခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

နဝမအဆင့်

ဆက်လက်၍ ဝန်ကြီးက RCC ပင်မတမံများ တည်ဆောက်ရာ၌ ရဲရွာပင်မတမံသည် တည်ဆောက်ပြီးသော ကမ္ဘာ့တမံများ၌ စတုတ္ထအမြင့်ဆုံးဖြစ်ပြီး ၇-၂-၂၀၀၆ ရက်မှ ၁၄-၁၂-၂၀၀၈ ရက်အတွင်း ပင်မတမံကို ပြီးစီးအောင် တည်ဆောက်နိုင်သည့်အတွက် အမြန်ဆုံးတည်ဆောက်မှု၌ နဝမအဆင့် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဆက်လက်တည်ဆောက်သွားမည့် အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်းသည့် အချက်အလက်များကိုတင်ပြရာ၌ ရဲရွာရေလှောင်တမံအထက်ပိုင်း၌ တည်ဆောက်မည့် အထက်ရဲရွာရေလှောင်တမံသည် အမြင့်ပေ ၂၀၀၊ အလျားပေ ၁၆၄၀ရှိသည့် ကွန်ကရစ်တမံအမျိုးအစားဖြစ်ပြီး ရေအားလျှပ်စစ်မဂ္ဂါဝပ် ၁၄၀ ထုတ်လုပ်နိုင်စွမ်းရှိမည်ဖြစ်သည့်အပြင် အောက်ပိုင်းရှိ ရဲရွာရေအားလျှပ်စစ်ထုတ်လုပ်မှုကို ပိုမိုခိုင်မာစေမှာဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဂရုပြုဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် ရဲရွာရေအားလျှပ်စစ်စီမံကိန်းကြီးသည် အပြီးသတ်တည်ဆောက်မှုအပိုင်းသို့ရောက်ရှိနေပြီဖြစ်၍ စက်များတပ်ဆင်ရာမှအစ ဆက်လက်လုပ်ကိုင်ရမည့်လုပ်ငန်းအားလုံးကို အမှားအယွင်းမရှိရအောင် ဂရုပြုဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စီမံကိန်းလုပ်ငန်းများ၌ ပါဝင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြားသား ပညာရှင်များအား သစ်သီးခြင်းများကို လက်ဆောင်ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ပင်မကွန်ကရစ်တမံတည်ဆောက်ပြီးစီးမှု၊ ရေပိုလွှဲ ကွန်ကရစ်လောင်းခြင်းလုပ်ငန်းနှင့် ရေယူအဆောက်အအုံတည်ဆောက်နေမှုတို့ကိုလည်းကောင်း၊ တာဘိုင်လေးလုံးတပ်ဆင်ထားမည့် ဓာတ်အားပေးစက်ရုံတည်ဆောက်မှုနှင့် ဖိအားမြှင့် သံမဏိပိုက်လိုင်း တည်ဆောက်မှုအခြေအနေတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ပင်မတမံ၏ ချဉ်းကပ်ဥမင်လိုဏ်အတွင်းသို့ မော်တော်ယာဉ်ဖြင့် ဝင်ရောက်ဖြတ်သန်း၍ စီမံကိန်းလုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော်စီမံကိန်း

ရဲရွာရေအားလျှပ်စစ်စီမံကိန်းမှာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၉၀ ထုတ်ယူရရှိမည့် နိုင်ငံတော်၏ စီမံကိန်းကြီးဖြစ်သည်။

မြစ်ငယ်မြစ်ကို အလျား ၂၂၆၄ ပေ၊ အမြင့် ၄၃၃ ပေရှိ ကွန်ကရစ်တမံ(Roller Compacted Concrete Dam) အမျိုးအစားဖြင့်ပိတ်၍ ရေလှောင်ပြီး ရေအားလျှပ်စစ်ထုတ်လုပ်သွားမည်ဖြစ်သည်။

ရဲရွာ RCC တမံမှာ ကမ္ဘာ့အကြီးဆုံး RCC တမံစာရင်း၌ တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရဲရွာရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးအားပေးစဉ်။ (သတင်းစဉ်)



လယ်ယာသုံးစက်ကိရိယာများနှင့် အခြားစက်မှုပစ္စည်းများ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍများ၏ လိုအပ်နေသောပစ္စည်းများ

အဆင့်အတန်းမီမီ သုံးစွဲသူများ စိတ်ကြိုက်လက်ခံနိုင်အောင် ထုတ်လုပ်

နေပြည်တော် ဧပြီ ၁၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ ဒုတိယဗိုလ်ချုပ်ကြီး မြင့်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဌေးဝင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦး၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဧပြီ စရက် နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် နေပြည်တော်မှ ထွက်ခွာလာခဲ့ကြရာ ရှမ်းပြည်နယ် တောင်ကြီးမြို့သို့ နံနက် ၈နာရီ မိနစ်၅၀ တွင် ရောက်ရှိကြသည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တောင်ကြီးမြို့ အေးသာယာစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်၏ Machine Shop နှင့် Foundry Shop အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်ထုတ် မော်တော်ယာဉ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

တွေ့ဆုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့ရှိ အေးသာယာစက်မှုဇုန်သို့ ရောက်ရှိကြပြီး စက်မှုဇုန်ခန်းမ၌ စက်မှုဇုန်မှ တာဝန်ရှိသူများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးအား အေးသာယာစက်မှုဇုန်တာဝန်ခံ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အေးသာယာစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းရှိစက်မှုဇုန်များနှင့် ပြည်ပသို့လေ့လာရေးခရီးစဉ်များ စေလွှတ်ပေးနိုင်ခဲ့မှု၊ ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှု၊ သတ်မှတ်အမြန်နှုန်းမောင်းနှင်နိုင်သော မော်တော်ယာဉ်များ ထုတ်လုပ်မှု၊ အေးသာယာစက်မှုဇုန် သံရည်ကျိုစက်ရုံ၏ ကုန်ထုတ်လုပ်မှု စသည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးက အေးသာယာစက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်၏ လုပ်ငန်းအလိုက် ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ထားမှုအခြေအနေ၊ သံရည်ကျိုစက်ရုံစီမံကိန်းအတွက် ကုန်ကြမ်းစုဆောင်းမှု၊ လက်ရှိထုတ်လုပ်မှုအခြေအနေနှင့် နောင် တိုးချဲ့ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မှာကြားရာတွင် အေးသာယာစက်မှုဇုန်၏ ဖွံ့ဖြိုးတိုးတက်မှုကို ကြည့်ရှုလေ့လာ၍ လိုအပ်သည်များကို ပံ့ပိုးကူညီအားပေးရန် မိမိဦးဆောင်သည့်အဖွဲ့ဝင်များ ယခုကဲ့သို့ လာရောက်ခြင်းဖြစ်ကြောင်း။

သုတေသနပြု

အေးသာယာစက်မှုဇုန်သည် နိုင်ငံတော်က ပံ့ပိုးကူညီထူထောင်ထားသည့် ပုဂ္ဂလိကစက်မှုဇုန်(၁၈)ဇုန်၌ ပါဝင်လျက်ရှိသော စက်မှုဇုန်ဖြစ်သည့်အပြင် မန္တလေးစက်မှုဇုန်၊ မုံရွာစက်မှုဇုန်တို့နှင့်အတူ ခေတ်မီသံရည်ကျို၊ ပုံလောင်း၊ ပုံထောင်းစက်ကိရိယာများ ထူထောင်ပေးထားသော စက်မှုဇုန်လည်းဖြစ်၍ တစ်နှစ်ထက်တစ်နှစ် ပို၍တိုးတက်အောင် ကြိုးစားကြရမှာဖြစ်ကြောင်း၊ အခြားစက်မှုဇုန်များနှင့်ယှဉ်တွဲ၍ ရင်ပေါင်တန်း တိုးတက်ရန်အတွက် လေ့လာဆည်းပူးမှု၊ သုတေသနပြုနေမှုများကိုလည်း လုပ်ဆောင်နေရမှာဖြစ်ကြောင်း။

ရှမ်းပြည်နယ်အတွက် အမှန်လိုအပ်သော လယ်ယာသုံးစက်ကိရိယာများနှင့် အခြားစက်မှုပစ္စည်းများကိုလည်းကောင်း၊ ထို့အပြင် နိုင်ငံတော်အတွင်းရှိ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍများ၏ လိုအပ်နေသောပစ္စည်းများကိုလည်းကောင်း အဆင့်အတန်းမီမီ သုံးစွဲသူများ စိတ်ကြိုက် လက်ခံနိုင်အောင် ထုတ်လုပ်သွားကြရမှာဖြစ်ကြောင်း၊ ပုဂ္ဂလိက စက်မှုလုပ်ငန်းများ အခြေခိုင်မာဖွံ့ဖြိုးမှသာ နိုင်ငံတော်၏စက်မှုကဏ္ဍ သိသာစွာ တိုးတက်ဖွံ့ဖြိုးပြီး စက်မှုနိုင်ငံတော်အဖြစ် တက်လှမ်းနိုင်မှာဖြစ်ကြောင်း။

ရင်းနှီးထူထောင်

စက်မှုနိုင်ငံတော် ထူထောင်နိုင်ရေးအတွက် စက်မှုအခြေခံများကို ရင်းနှီးထူထောင်ခြင်း၊ ယင်းစက်မှုလုပ်ငန်းများအတွက် လိုအပ်သော စက်မှုကျွမ်းကျင်သူများ၊ အင်ဂျင်နီယာများ စသည့် ပညာတတ်လူ့အရင်းအမြစ်များကို ဒေသအလိုက် မွေးထုတ်ခြင်းတို့ကို အစီအမံရှိရှိ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုနိုင်ငံဖြစ်မှလည်း ခေတ်မီဖွံ့ဖြိုးသော နိုင်ငံအဖြစ် ရပ်တည်နိုင်မှာဖြစ်ကြောင်း။

ထို့ကြောင့် စက်မှုနိုင်ငံဖြစ်လာအောင် ကြိုးပမ်းဖော်ဆောင်ရင်း တစ်ဖက်မှလည်း မိမိတို့နိုင်ငံ၏ အခြေခံဖြစ်သော စိုက်ပျိုးရေးကဏ္ဍခိုင်မာဖွံ့ဖြိုးအောင်၊ အထူးသဖြင့် လယ်ယာထွက်ကုန်စားနပ်ရိက္ခာ ဖူလုံပိုလျှံအောင် စဉ်ဆက်မပြတ်အလေးထားခဲ့ကြောင်း၊ နိုင်ငံတော်၏ မှန်ကန်သော မူဝါဒကြောင့် ယခုအခါ မိမိတို့နိုင်ငံသည် ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံပိုလျှံနေပြီး ရိက္ခာဖူလုံမှုအခြေခံအုတ်မြစ်ကြီးကို မှန်ကန်စွာထူထောင်နိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ စားနပ်ရိက္ခာသည် ကမ္ဘာ့နိုင်ငံအားလုံးအတွက် အဓိကလိုအပ်သော အခြေခံ စားကုန်ပစ္စည်းများဖြစ်ကြောင်း။

ပြည်ပဈေးကွက်

ထို့ကြောင့် ကမ္ဘာ့စီးပွားရေး အကျပ်အတည်း ကြုံတွေ့နေရသော ယခုကဲ့သို့ အချိန်ကာလ၌ပင် မိမိတို့နိုင်ငံသည် ကြံ့ကြံ့ခံရပ်တည်နိုင်ပြီး လယ်ယာထွက်ကုန်ပစ္စည်းများကို ပြည်ပဈေးကွက်များသို့ ရောင်းချနိုင်သည့် အခြေအနေများရှိကြောင်း။

ထို့ကြောင့် လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ ဒေသဖွံ့ဖြိုးရေးတို့အတွက် အမှန်တကယ် လိုအပ်သော စက်မှုပစ္စည်းများကို ထုတ်လုပ်ကြရန်ဖြစ်ကြောင်း၊ ထို့အပြင် စွန့်ပစ်ပစ္စည်းများကိုအသုံးပြု၍ ဇီဝဘက်ထရီပြုလုပ်ပြီး ကျေးရွာတိုင်း၊ အိမ်တိုင်း၌ လျှပ်စစ်မီးထွန်းနိုင်အောင် ကြိုးပမ်းတီထွင်၍ ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် အေးသာယာစက်မှုဇုန်ထုတ်ပစ္စည်းများ ခင်းကျင်းစီစဉ်ပြသထားမှုများကို ကြည့်ရှုစစ်ဆေးအားပေးကြရာ ရေးဦးစွာ သစ်အချောထည်ပစ္စည်းများကိုလည်းကောင်း၊ အဆင့်အတန်းမီ သီးနှံမျိုးကောင်းမျိုးသန့်များနှင့် ဒေသထွက်ဓာတ်မြေဩဇာများကိုလည်းကောင်း၊ ဒေသထွက်သတ္တုရိုင်းများနှင့် အလှဆင်ကျောက်များကိုလည်းကောင်း၊ စပါးခြွေလှေ့စက်အပါအဝင် လယ်ယာစက်ပစ္စည်းများကိုလည်းကောင်း၊ မော်တော်ယာဉ်များနှင့် မော်တော်ယာဉ်အပိုပစ္စည်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် အေးသာယာစက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်၏ Machine Shop နှင့် Foundry Shop အတွင်း လှည့်လည်ကြည့်ရှုရာ စက်ရုံမှူးနှင့်တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

(သတင်းစဉ်)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရပ်စောက်မြို့နယ် ကျောက်ဂူဒေသ တောင်ထိပ်နှစ်ရှည်နှင့် ရာသီသီးနှံ စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရေရှည်နိုင်ငံတော်အကျိုး၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအကျိုးမျှော်မှန်း မြေလွတ်မြေရိုင်းများ၌ ပုဂ္ဂလိကခေတ်မီစိုက်ခင်းများ ခွင့်ပြုအားပေးခဲ့

ဖြစ်ထွန်းအောင်မြင်နိုင်ပြီး ဈေးကွက်ရှိသော နှစ်ရှည်ပင်များ တိုးချဲ့စိုက်ပျိုး

နေပြည်တော် ဧပြီ ၁၆

ရှမ်းပြည်နယ် ဗထူးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ဧပြီ ၁၀ရက် နံနက်ပိုင်းက ရပ်စောက်မြို့နယ် အင်တောကျောက်ဂူဒေသရှိ မြေလွတ်မြေရိုင်းများကို ဖော်ထုတ်စိုက်ပျိုးလျက်ရှိသည့် ပုဂ္ဂလိကစိုက်ခင်းများသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ရှင်းလင်းပြသ

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အဖွဲ့ဝင်များသည် ရပ်စောက်မြို့နယ် ကျောက်ဆုံဒေသ နှစ်ရှည်နှင့်ရာသီသီးနှံစိုက်ခင်း၊ ကျောက်ဂူဒေသ နှစ်ရှည်နှင့်ရာသီသီးနှံစိုက်ခင်း၊ ဆီဆုံဂနိုင်ဒေသ နှစ်ရှည်နှင့်ရာသီသီးနှံစိုက်ခင်းနှင့် ကျောက်ဂူဒေသ တောင်ထိပ်နှစ်ရှည်နှင့် ရာသီသီးနှံစိုက်ခင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စိုက်ခင်းတာဝန်ခံများက မိမိစိုက်ခင်းအခြေအနေနှင့် သီးနှံသစ်ပင်ဖြစ်ထွန်းမှုများကို လိုက်လံရှင်းလင်း ပြသကြသည်။

ယင်းသို့ စိုက်ခင်းအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မှာကြားရာတွင် ရေရှည် နိုင်ငံတော်၏အကျိုးရော၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အကျိုးကိုပါမျှော်မှန်း၍ ယခုကဲ့သို့ မြေလွတ်မြေရိုင်းများ၌ ပုဂ္ဂလိကခေတ်မီစိုက်ခင်းများကို ခွင့်ပြုအားပေးခဲ့ခြင်းဖြစ်ရာ ဤအင်တောဒေသတွင် ပုဂ္ဂလိကစိုက်ခင်းကြီး လေးခုရှိကြောင်း၊ ရေမြေရာသီဥတုအခြေအနေအရ ဖြစ်ထွန်းအောင်မြင်နိုင်ပြီး ဈေးကွက်ရှိသော စိန်တစ်လုံးသရက်၊ ထောပတ်၊ ပိန္နဲစသည့် နှစ်ရှည်ပင်များကို စီးပွားဖြစ် တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးသွားရန်လိုကြောင်း၊ တစ်ဖက်မှလည်း နှစ်ရှည်ပင်စိုက်ပျိုးရင်းနှီးရသည့် ကုန်ကျစရိတ်ကို ထောက်ကူ ကာမိစေရန်အတွက် ပြောင်း၊ ပန်းနှမ်း စသည့် ရာသီသီးနှံများကိုလည်း ရွေးချယ်စိုက်ပျိုး၍ ဝင်ငွေရှာရန်လိုအပ်ကြောင်း၊ စိုက်ခင်းများ အောင်မြင်ရေးအတွက် သီးနှံအလိုက် လက်တွေ့ အတွေ့အကြုံရှိသော စိုက်ပျိုးရေး ပညာရှင်များကိုလည်း ရှာဖွေစုစည်းအသုံးပြုရန် အရေးကြီးကြောင်းဖြင့် မှာကြားသည်။

စိုက်ပျိုးထား

ရပ်စောက်မြို့နယ် အင်တောကျောက်ဂူဒေသတွင် မြေလွတ်မြေရိုင်းများကို ဖော်ထုတ်စိုက်ပျိုးရန် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဧက ၃၂၀၀၀ကျော် ခွင့်ပြုထားခဲ့ရာတွင် ယခုအခါ ဧက ၄၀၀၀ကျော် ဖော်ထုတ်၍ နှစ်ရှည်နှင့်ရာသီသီးနှံများကို စိုက်ပျိုးထားရှိပြီး နှစ်ရှည်ပင်များအဖြစ် စိန်တစ်လုံးသရက်၊ လိမ္မော်၊ မက္ကဒေးမီးယား၊ တညင်း၊ ထောပတ်၊ လောဂန်၊ ကော်ဖီ၊ လက်ဖက်၊ ခံစည်းရိုးကြက်ဆူနှင့် အုန်းဆန်ဆိမ့်တို့ကို စိုက်ပျိုးပြီး ရာသီသီးနှံများအနေဖြင့် အစေ့ထုတ်ပြောင်း၊ ကြံ၊ ပဲပုပ်၊ ပန်းနှမ်းနှင့် မြေပဲတို့ကို စိုက်ပျိုးကြသည်။

ပြန်လည်ထွက်ခွာ

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ပုဂ္ဂလိကစိုက်ခင်းများမှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ဗထူးမြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ရပ်စောက်မြို့နယ် ကျောက်ဂူဒေသ နှစ်ရှည်နှင့် ရာသီသီးနှံစိုက်ခင်းကို တွေ့ရစဉ်။ (သတင်းစဉ်)

မြဝတီ ရုပ်မြင်သံကြား

၁၇-၄-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ မြန်မာသကြ်န်

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မြတ်ဘုရားဒေသနာ ဝိပဿနာတရားတော် ဒါရုကန္ခောပမသုတ်
၄:၅၀ ၄။ မျိုးချစ်တပ်မတော်
၅:၀၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅:၃၀ ၆။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅:၅၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၈။ မြဝတီ ရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ မြန်မာသကြ်န်
၆:၂၅ ၁၁။ လျှပ်တစ်ပြက်
၆:၄၀ ၁၂။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇:၀၀ ၁၃။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကျွန်တော့်ချစ်သူ** (အပိုင်း-၂၄)
၈:၀၀ ၁၄။ မြဝတီ ရုပ်မြင်သံကြားသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ မြန်မာသကြ်န်
၁၇။ စိုက်ပျိုးသုတ
၁၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကိုတ်မုန့်ချစ်သူ** (အပိုင်း-၁၅)

မြန်မာနှစ်သစ်ကူးမဟာသင်္ကြန်အတက်နေ့ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ပြင်ဦးလွင်တို့၌ ရေကစား၊ အပန်းဖြေသူများဖြင့် စည်ကားများပြား

နေပြည်တော် ဧပြီ ၁၆

ယနေ့သည် ၁၃၇၀ပြည့်နှစ် နှောင်းတန်ခူးလပြည့်ကျော် ၇ရက် မဟာသင်္ကြန်အတက်နေ့ဖြစ်သည်။ မဟာသင်္ကြန်အတက်နေ့ဖြစ်သည့်အားလျော်စွာ နေပြည်တော်ပျဉ်းမနားမြို့တွင်း၊ ပေါင်းလောင်းလမ်းတစ်လျှောက်နှင့် လမ်းသွယ်များရှိ ရေကစားမဏ္ဍပ်များ၌ ရေကစားကြသူများ၊ ရေပက်ခံကားများဖြင့် ရေကစားကြသူများဖြင့် လမ်းအသီးသီးတွင် စည်ကားလျက်ရှိပြီး စတုဒိသာ အလှူဒါနပြုကြသူ များပြားသည်ကိုလည်း တွေ့ရသည်။

ထို့အတူ တန်ခိုးကြီးလှေခွင်းတောင် ဆုတောင်းပြည့်ဘုရားအနီးရှိ ပေါင်းလောင်း ချောင်းအတွင်း၌ ရေပက်ကစားသူ၊ အနားယူအပန်းဖြေသူများဖြင့် ပြည်သူများသည် အတာရေသဘင်ကို အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲကြသည်။

နေပြည်တော် ရေပန်းဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) တို့၌ နံနက်ပိုင်းမှစတင်၍ မိသားစုများ၊ လူငယ်လူရွယ်များ၊ အသင်းအဖွဲ့များ၊ ဝန်ထမ်းမိသားစုများနှင့် ဒေသခံပြည်သူများသည် အေးချမ်းပျော်ရွှင်စွာ ရေကစားခြင်း၊ အပန်းဖြေအနားယူခြင်းတို့ဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

ယနေ့သည် မဟာသင်္ကြန်အတက်နေ့ဖြစ်သည့်အားလျော်စွာ ရန်ကုန်တိုင်းအတွင်း မြို့နယ်အသီးသီး၌ ရေကစားသူများသည် အတာရေသဘင်ပွဲကို အားသွန်ဆင်နွှဲကြသည်။ အပြင် ရေပက်ကစားကြသူများ၊ အပန်းဖြေအနားယူနေကြသူများဖြင့် စည်ကားလျက်ရှိသည်။

တပျော်တပါး

ထို့အတူ ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေကစားမဏ္ဍပ်၌ အနုပညာရှင်များက တေးသံသာများဖြင့်လည်းကောင်း၊ ယိမ်းအဖွဲ့များက ယိမ်းအကများဖြင့်လည်းကောင်း သင်္ကြန်ချစ်သူ ပြည်သူများအား ဖျော်ဖြေတင်ဆက်ကြပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများက သင်္ကြန်ရေများဖြင့် ပက်ဖျန်းကာ မဟာသင်္ကြန် ရေသဘင်ပွဲတော်ကို တပျော်တပါး ပါဝင်ဆင်နွှဲကြရာ ရေပက်ခံကားများ၊ သင်္ကြန်ချစ်သူ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

ကျွေးမွေးလှူဒါန်း

ထို့အတူ ဘုရားစေတီပုထိုးနှင့် ဘုန်းတော်ကြီးကျောင်းများ၌ ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ တရားဘာဝနာပွားများအားထုတ်ကြသူများ၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာ ကပ်လှူပူဇော်ကြသူများ၊ အာဟာရဒါနကျွေးမွေးလှူဒါန်းပြီး ကုသိုလ်ကောင်းမှု ပြုကြသူများလည်း များပြားသည်။

အောင်မြင်စွာပိတ်သိမ်း

၁၃၇၀ပြည့်နှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ် ပိတ်ပွဲအခမ်းအနားကို ညနေ၅နာရီတွင် မြို့တော်ခန်းမရှေ့၌ ကျင်းပရာ ၁၃၇၀ပြည့်နှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်ပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေး

မဟာသင်္ကြန်အတက်နေ့က ရန်ကုန်မြို့ ကန်တော်ကြီး နတ်မောက်လမ်းရှိ ရေကစားမဏ္ဍပ်များတွင် တေးသံရှင်များ ဖျော်ဖြေမှုနှင့် ရေပက်ခံသူများ၊ ရေကစားသူများဖြင့် စည်ကားလျက်ရှိစဉ်။

(သတင်းစဉ်)

ရေကစား

မဟာသင်္ကြန် အကြတ်နေ့က မန္တလေးမြို့ရှိ ရေကစားမဏ္ဍပ်များတွင် ရေပက်ခံသူများ၊ ရေကစားသူများဖြင့် စည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)

အထူးစည်ကား

ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များ၌ ရေကစားမဏ္ဍပ်များ၊ရေပက်ခံမော်တော်ယာဉ်များ၊ ရေလောင်းရေပက်ကြသူများဖြင့် အထူးစည်ကားလှသည်။

အထူးသဖြင့် အင်းလျားလမ်း၊ တက္ကသိုလ်ရိပ်သာလမ်း၊ အင်းလျားကန်ပေါင်၊ ကမ္ဘာအေးစေတီလမ်းတစ်ဝိုက်၌ ပြည်သူများအား ဖျော်ဖြေရေးမဏ္ဍပ်များမှ တေးသံသာများဖြင့် ဖျော်ဖြေလျက်ရှိသည့်

သင်္ကြန်ကာလ အခါသမယတွင် နှစ်ဟောင်းမှ နှစ်သစ်သို့ စိတ်သစ် လူသစ် အားမာန်သစ်များဖြင့် ကူးပြောင်းရန် စိတ်အားထက်သန်စွာ ရည်သန်လျက် နှစ်ဟောင်းမှ အညစ်အကြေးတို့ကို ခဝါချဆေးကြောသကဲ့သို့ ပျော်ရွှင်စွာ ရေကစားကြသည်။

အလားတူ ဒါနကုသိုလ်အဖြစ် မြန်မာ့ရိုးရာအစားအစာများဖြစ်သည့် မုန့်လုံးရေပေါ်၊ ဆီထမင်း၊ မုန့်လက်ဆောင်း၊ ရွှေရင်အေး စသည်တို့ဖြင့်လည်း စတုဒိသာ ကျွေးမွေးလှူဒါန်းကြသည်ကို တွေ့ရှိရသည်။

ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးက ၁၃၇၀ပြည့်နှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ပွဲတော် အောင်မြင်စွာ ပြီးဆုံးကြောင်းနှင့် ရေသဘင်မဏ္ဍပ် ပိတ်သိမ်းကြောင်း ကြေညာပြီးသည်နှင့်တစ်ပြိုင်နက် ရခိုင်ရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ အနုပညာရှင်များ၊ ယိမ်းအဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများ၊ ရေသဘင်ပွဲလာပရိသတ်များက မန်းတောင်ရိပ်ခို တေးသီချင်းကို သံပြိုင်သီဆိုကြပြီး တူညီကကြိုးများဖြင့် ကပြဖျော်ဖြေကာ ၁၃၇၀ပြည့်နှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ်ကို အောင်မြင်စွာ ပိတ်သိမ်းလိုက်သည်။

ညပိုင်းတွင် ၁၃၇၀ပြည့်နှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော ယိမ်းအဖွဲ့များအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် တာဝန်ရှိသူများက ဆုများကို ချီးမြှင့်ကြသည်။

၁၃၇၀ ပြည့်နှစ် မဟာသင်္ကြန်ပွဲတော်၏ နောက်ဆုံးနေ့ဖြစ်သော သင်္ကြန်အတက်နေ့ဖြစ်သည့်အတွက် မန္တလေးမြို့တစ်ခွင်လုံး၌ အတာသင်္ကြန် ရေကစားကြသူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းနှင့်အညီ အဆို၊အတီး၊အကတို့ဖြင့် နံနက်ပိုင်းမှ ညနေပိုင်းအထိ တစ်နေကုန် မြူးထူးပျော်ရွှင်စွာ ရေကစားကြသည်။ ညပိုင်း၌ ဆုပေးမဏ္ဍပ်အသီးသီးတွင် ဆုပေးပွဲနှင့် မဏ္ဍပ်ပိတ်ပွဲများကို ကျင်းပကာ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အေးချမ်းပျော်ရွှင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

အတာရေပက်ဖျန်း

နံနက်ပိုင်းတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီး ဒေါ်မိုးသီတာ၊ ဧည့်သည်တော်များ၊ စည်ပင်သင်္ကြန် မိသားစုဝင်များသည် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ သင်္ကြန်လှပျိုဖြူ ယိမ်းအကအဖွဲ့များက ရုပ်ရှင်ဂီတအနုပညာရှင်များနှင့်အတူ အဆို၊ အတီး၊ အကများဖြင့် ဧည့်ခံဖျော်ဖြေမှုများကို အားပေးကြည့်ရှုကြပြီး အတာရေများ ပက်ဖျန်းပေးကာ သင်္ကြန်ပွဲကို ပါဝင်ဆင်နွှဲကြသည်။

ထို့နောက် မြို့တော်ဝန်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ ကျုံးပတ်လည်ရှိ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိက ရေကစားမဏ္ဍပ်များသို့ လှည့်လည်သွားရောက် အားပေးကြည့်ရှုကြသည်။

သင်္ကြန်ရေကစားမဏ္ဍပ်များကလည်း သင်္ကြန်ပွဲတော်လာ ဧည့်သည်တော်များအား ရွှေရင်အေး၊အအေး၊ကြာဆံဟင်း၊ အကြော်စုံတို့ဖြင့် ဧည့်ခံကျွေးမွေး၍ သင်္ကြန်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ သင်္ကြန်ရေကစားမဏ္ဍပ်များရှေ့၌ ကမ္ဘာလှည့်ခရီးသည်များ၊ အနယ်နယ်အရပ်ရပ်မှ သင်္ကြန်ပွဲ ဆင်နွှဲပျော်ကြသည့် သင်္ကြန်ချစ်သူပြည်သူများ တိုးမပေါက်အောင် အထူးစည်ကားလှသည်ကို တွေ့ရသည်။

ပက်ဖျန်းကစား

သင်္ကြန်ပွဲတော်၏ နောက်ဆုံးနေ့ဖြစ်သည့်အလျောက် ညမိုးချုပ်သည်အထိ ရေကုန်ရေခန်း ပျော်ရွှင်စွာ သင်္ကြန်ရေပက်ဖျန်းကစားကြသည်ကို တွေ့ရသည်။

ပြင်ဦးလွင်မြို့

မြန်မာ့ရိုးရာ အတာသင်္ကြန် ရေသဘင်ပွဲတော်ကို ဒေသအသီးသီး၌ ပျော်ရွှင်စွာ ဆင်နွှဲကြသကဲ့သို့ မန္တလေးတိုင်း ပြင်ဦးလွင်မြို့၌လည်း ပြည်သူများသည် အေးချမ်းပျော်ရွှင်စွာ အတာသဘင်ကို ဆင်နွှဲကြသည်။

ပြင်ဦးလွင်မြို့ရှိ ရပ်ကွက်ကြီးများ၌ ရေကစားမဏ္ဍပ်များထိုး၍ ရေကစားကြသကဲ့သို့ လမ်းမကြီးများတစ်လျှောက်နှင့် လမ်းသွယ်အသီးသီးတို့တွင်လည်း ရေပက်ခံမော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များဖြင့် လာရောက် ရေကစားကြရာ အထူးပင် စည်ကားလှသည်။

စည်ကား

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီးများ၌ ရေသဘင်မဏ္ဍပ်များ၊ ရေပက်ကစားသူများဖြင့် စည်ကားသကဲ့သို့ စစ်တက္ကသိုလ်မိသားစုကလည်း ရေကစားမဏ္ဍပ်ဖြင့် လာရောက် ရေပက်ခံသည့် ပြည်သူများအား တပျော်တပါး ရေပက်ကစားကြသည်။

အလားတူ တပ်မတော်နည်းပညာတက္ကသိုလ်အဝင်ရှိ ရေကစားမဏ္ဍပ်၌ ဒေသခံ ပြည်သူများ၊ ပြင်ဦးလွင်မြို့သို့ လာရောက်လည်ပတ်သူများဖြင့် စည်ကားသည်ကို တွေ့ရသည်။

အတာသဘင်ကို ပျော်ရွှင်စွာ ဆင်နွှဲကြသူများရှိသကဲ့သို့ ပြင်ဦးလွင်မြို့ မဟာ အံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားနှင့် မြို့ပေါ်ရှိ တန်ခိုးကြီးဘုရားများ၌လည်း ဘုရားဖူးလာရောက်သူများ၊ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားသည်ကို တွေ့ရသည်။ **(သတင်းစဉ်)**

ထွက်သူများ၊ ရေပက်ကစားကြသူများဖြင့် စည်ကားသည်ကို တွေ့ရသည်။

အနားယူအပန်းဖြေ

အထူးသဖြင့် ကန်တော်ကြီးပတ်လမ်းတစ်လျှောက်၌ ပိုမိုစည်ကားသည်ကို တွေ့ရသည်။ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် အမျိုးသားအထိမ်းအမှတ် ဥယျာဉ်တို့၏ ရေကစားမဏ္ဍပ်၌ လာရောက်ကြည့်ရှုသူများ၊ ရေကစားကြသူများသည် အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် အမျိုးသားအထိမ်းအမှတ် ဥယျာဉ်တို့တွင်လည်း ဝင်ရောက်အနားယူ အပန်းဖြေကြသည်။

ပြင်ဦးလွင်သင်္ကြန်တွင် ဒေသခံများသာမက အနယ်နယ်အရပ်ရပ်မှ ပြည်သူများ အပါအဝင် မန္တလေးမြို့မှ ပြည်သူများလည်း

မဟာသင်္ကြန်ပွဲတော်တွင် ပြင်ဦးလွင်မြို့ရှိ စစ်တက္ကသိုလ် ရေကစားမဏ္ဍပ်၌ တပျော်တပါး ပျော်ရွှင်စွာရေကစားနေကြစဉ်။

(သတင်းစဉ်)

17-4 (06).pmd 1 4/17/2009, 5:26 AM

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် ဧပြီ ၁၆

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ရခိုင်ပြည်နယ်တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

နေ့အပူချိန်များမှာ ချင်းပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ပဲခူးတိုင်းတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်မှာ တောင်ငူမြို့နှင့် ရွှေကျင်မြို့တို့တွင် ၃၉ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ နေပြည်တော်တွင် ဝ ဒသမ ၅၅လက်မ၊ ကျောက်တော်မြို့တွင် ၁ဒသမ၁၄လက်မနှင့် ကျောက်ဖြူမြို့တွင် ဝဒသမ ၉၄လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့နံနက် မြန်မာစံတော်ချိန် ၁၂နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း (ဘစ်ဂျ်လီ)သည် အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ အရှေ့တောင်ဘက် ၁၆၅မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး ကနဦးအစတွင် မြောက်အနောက်ယွန်းယွန်းသို့ ဆက်လက်ရွေ့လျားပြီး နောက်ပိုင်းတွင် မြောက်၊ အရှေ့မြောက်ဘက်သို့ ပြောင်းလဲရွေ့လျားသွားမည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

ဧပြီ ၁၇ရက် ညနေအထိ ခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။
ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။
မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

မိုး အစဉ် သတိပြု

အင်အားပြင်းထန်သောမြေငလျင်လှုပ်

နေပြည်တော် ဧပြီ ၁၆

ဧပြီ၁၆ရက် မြန်မာစံတော်ချိန် နံနက် ၀၂နာရီ ၃၁မိနစ် ၃၃စက္ကန့်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ တောင်ဘက် မိုင်၁၃၈၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အင်ဒိုနီးရှားတစ်နေရာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ဒသမ၁ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

တပ်မတော်နည်းပညာတက္ကသိုလ် အဆို၊ အကများဖြင့်ဖျော်ဖြေ

တပ်မတော်နည်းပညာတက္ကသိုလ် ရေကစားမဏ္ဍပ်တွင် မိသားစုများ သင်္ကြန် အဆို၊ အကများဖြင့် ဖျော်ဖြေကြစဉ်။

(သတင်းစဉ်)

အနားယူ အပန်းဖြေ

မဟာသင်္ကြန်အတက်နေ့က နေပြည်တော် တန်ခိုးကြီး လှေခွင်းတောင် ဆုတောင်းပြည့်ဘုရားအနီးရှိ ပေါင်းလောင်းချောင်းအတွင်း၌ ရေပက်ကစားသူ၊ အနားယူ အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၁၇-၄-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော် + အာဋာနာဋိယသုတ်
- ၅:၁၅ MRTV-4 နံနက်ခင်းသတင်း
- ၆:၀၀ မင်္ဂလာတရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
- ၆:၄၅ အရဏ်ဦးမှာ ကြည်ညိုပူဇော် မန္တလေးမဟာမုနိရုပ်ရှင်တော်
- ၇:၀၀ ရတနာသိုက်ရှာပုံတော် (အပိုင်း-၇)
- ၇:၃၀ TOM & JERRY
- ၈:၀၀ MRTV-4 နံနက်ခင်းသတင်း
- ၈:၄၅ လွင်မိုးခရီးသွားနေသည် [ပါးရဲ(ပါးမည်း)ထိုးခြင်း]
- ၉:၁၅ မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင်
- ၉:၃၅ သူတို့ပြောတဲ့ သူတို့အကြောင်း (အေးအေးခိုင်နှင့်တွေ့ဆုံခြင်း)
- ၁၀:၁၀ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၀:၂၅ လက်သည်းပန်းချီ
- ၁၀:၄၀ Peace of Mind (စိတ်ငြိမ်းအေးသော) ဒါရိုက်တာ-ကြည်ဖြူသျှင်
- ၁၁:၀၀ မြန်မာ့သနပ်ခါး
- ၁၁:၁၅ ရာသီဥတုပြောင်းလဲမှု ကျန်းမာရေးကိုသတိပြု (ဒေါက်တာခင်မောင်လွင်) (ဒေါက်တာသန်းထွဋ်)
- ၁၁:၄၅ စားချင်စဖွယ်နည်းအသွယ်သွယ် (ကြက်သားလုံးထမင်းနှင့် ကောက်ညှင်းပုစွန်ခြောက်)
- ၁၁:၅၅ Multitude of Market Forms
- ၁၂:၄၀ The Sand is a predaror (Part-1)
- ၁:၀၀ မင်္ဂလာတရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
- ၂:၀၀ ယနေ့သိပ္ပံနှင့်နည်းပညာ
- ၂:၂၀ ရွှေရောင်ခရီးစဉ်များ (Aureum Palace Hotel, Bagan)
- ၂:၄၅ Art Vision (Frame Less Art Exhibition 2009)
- ၂:၅၅ ရော်ဘာအစေးလှီးရာတွင် အရေးကြီးသည့်အချက်များ
- ၃:၀၅ (၆၆)ကြိမ်မြောက် ရွှေကမ္ဘာလုံးဆု ချီးမြှင့်ပွဲအခမ်းအနား (အပိုင်း-၁)
- ၃:၄၀ ဟူးကောင်းချိုင့်ဝှမ်းမှ ကျားသုတေသနပြုလုပ်ငန်း
- ၄:၀၀ သိစေချင်သည် ICT (အိန္ဒိယ-မြန်မာသတင်းအချက်အလက်နည်းပညာကျွမ်းကျင်မှု မြှင့်တင်ရေးဆိုင်ရာသင်တန်း)
- ၄:၄၀ လှတောရွာရဲ့ ကုသိုလ်ထူး ပီတိပွားလို့များကြည်နူး
- ၅:၀၀ We Can Talk
- ၅:၃၅ ဂီတသံစဉ်အလှဆင် (ကော်နီ)
- ၆:၀၀ MRTV-4 ညနေခင်းသတင်း
- ၆:၁၅ လွင်မိုးခရီးသွားနေသည် [ပါးရဲ(ပါးမည်း)ထိုးခြင်း]
- ၆:၄၅ **ကြိုဆိုလျက်ပါ** ၄က်ပျောကြော်၊ မင်းထက်ကျော်ဇင်၊ ထူးနိုင်၊ နေယံ၊ မိုးယံဇွန်
- ၆:၅၅ VJ Choice
- ၇:၂၀ T.Home ရဲ့ မြန်မာနှစ်သစ်ကူးပွဲ
- ၇:၅၀ လူနှင့်ကံ
- ၈:၀၀ MRTV-4 သတင်း
- ၈:၁၅ We Can Talk
- ၈:၅၀ လက်သည်းပန်းချီ
- ၉:၀၅ MRTV-4 စာအုပ်စင်ကဏ္ဍ (ဆရာမဒေါ်စန္ဒာခင်ရဲ့ နံရံပန်းချီမှပြောသော ပုဂံခေတ်ပုံရိပ်များ)
- ၉:၃၀ ရတနာသိုက်ရှာပုံတော် (အပိုင်း-၇)
- ၁၀:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁၁:၄၅ Own Creative Fashion
- ၁၂:၀၅ ဂီတသံစဉ်အလှဆင် (ကော်နီ)
- ၁၂:၂၅ (၆၆)ကြိမ်မြောက် ရွှေကမ္ဘာလုံးဆု ချီးမြှင့်ပွဲအခမ်းအနား (အပိုင်း-၁)

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မင်္ဂလာနှစ်သစ်ဖြစ်ပါစေ

* နေ့ရက်ပြောင်း၍
ရွှက်ဟောင်းညှာကြွေ၊ ရွက်သစ်ဝေသို့
တစ်နွေသစ်ထူး၊ နှစ်သစ်ကူးပြီ
ရွှင်မြူးသာယာကြပါစေ။

* သင်္ကြန်လွန်မြောက်၊ နှစ်သစ်ရောက်ခဲ့
ဝမ်းမြောက်ရွှင်လန်း၊ သည်နှစ်ဆန်းကို
ကြိုင်လျှမ်းဝေဆာ၊ မင်္ဂလာပါဟု
ချီးစွာပြုံးလျက်၊ နှုတ်ခွန်းဆက်၏။

* နှစ်သက်ဖွယ်ရာ၊ အဖြာဖြာနှင့်
မင်္ဂလာအပေါင်း၊ ထပ်ထပ်လောင်း၍
မိတ်ဟောင်းသဟာ၊ မျိုးမြန်မာတို့
ကျန်းမာချမ်းသာ၊ လန်းဆန်းဖြာ၍
ကြည်သာစေကြောင်း၊ ဆုမွန်တောင်းသည်
ကောင်းသောနှစ်သစ် ဖြစ်စေသော်။ ။

တက္ကသိုလ်ညိုညိုသန့်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရတနာပုံမြို့သစ်၌ ရင်းနှီးလုပ်ကိုင်ကြမည့် ကုမ္ပဏီအလိုက်ထုတ်လုပ်သွားမည့် သတင်းအချက်အလက် နည်းပညာပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

● **ရှေ့ဖုံးမှ**

တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် နံနက်၁၀နာရီခွဲက ရတနာပုံမြို့သစ်စီမံကိန်း ရတနာပုံတယ်လီပို့အဆောက်အအုံသို့ရောက်ရှိကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား တယ်လီပို့ခန်းမဆောင်၌ တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက ရတနာပုံမြို့သစ်စီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ၌ စီမံကိန်း၏ ပထမအဆင့်အဖြစ် တယ်လီပို့အဆောက်အအုံနှင့် Incubation Centre ခုနစ်လုံးကို ဆောက်လုပ်ပြီးစီးပြီ ဖြစ်ပါကြောင်း၊ တယ်လီဖုန်း၊ ဒေတာနှင့် CATV စနစ်များ တည်ဆောက်ပြီးဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားနှင့် သောက်သုံးရေရရှိရေးကိုလည်း စီစဉ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ကွန်ကရစ်လမ်းများကိုလည်း စနစ်တကျဖောက်လုပ်ပြီးဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီ ၁၈ခုအား မြေကွက်များ နေရာချထားပေးပြီးဖြစ်ရာ စက်ရုံတည်ဆောက်မှုလုပ်ငန်းများကို စတင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ရတနာပုံမြို့သစ်မြောက်ပိုင်း၌ ကိုယ်ပိုင်အိမ်ရာစီမံကိန်းအရ စုစုပေါင်း မြေကွက် ၁၅၀ကို နေရာချထားပေးခဲ့ပြီး အိမ်ရာတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ပါကြောင်း။

ရတနာပုံမြို့သစ်စီမံကိန်းလုပ်ငန်းများကို အဆင့်အလိုက်အမြန်ပြီးစီးအောင် ညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ရတနာပုံမြို့သစ်တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ၂၀၀၇ ဒီဇင်ဘာလ၌ ရတနာပုံတယ်လီပို့ကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ စီမံကိန်းမြေဧရိယာ ၁၀၀၀၀ ရှိသည့်အနက် ပထမအဆင့် မြေဧရိယာ ဧက ၂၂၀၀ ပေါ်တွင် တယ်လီပို့နှင့် Incubation Centre ခုနစ်လုံးကို တည်ဆောက်ပြီးဖြစ်ပါကြောင်း၊ ကုမ္ပဏီပေါင်း ၁၈ခုက ရတနာပုံမြို့သစ်၌ မြေကွက်များရယူပြီး စက်ရုံများတည်ဆောက်ရန် ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ Incubation Centre များကိုလည်း ငှားရမ်းအသုံးပြုရန်အဆိုပြုလျက်ရှိပါကြောင်း၊ အချို့ Centre များကိုလည်း ငှားရမ်းပြီးဖြစ်ပါကြောင်း၊ ကုမ္ပဏီအလိုက် ရင်းနှီးလုပ်ကိုင်မည့် အိုင်တီလုပ်ငန်းအမျိုးအစားများကိုလည်းအဆိုပြုထားပြီးဖြစ်ပါကြောင်း ရှင်းလင်းတင်ပြပြီး ရတနာပုံမြို့သစ်၏ ရေ၊ မီးရရှိသုံးစွဲမှုအခြေအနေ၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် Park & Convention Centre ၊ Services Centre ၊ Training Centre နှင့် လူနေအိမ်ရာစီမံကိန်းလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က ရတနာပုံမြို့သစ်ကိုယ်ပိုင်အိမ်ရာစီမံကိန်း(မြောက်ပိုင်း) လမ်း၊ ရေ၊ မီး၊အခြေခံ အဆောက်အအုံများ တည်ဆောက်ပြီးစီးမှု၊ ကုမ္ပဏီများနှင့် ပုဂ္ဂလိကများအား မြေကွက်များ ချထားပေးမှု၊ မြေကွက်ဖွံ့ဖြိုးရေးနှင့် အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းများကို ကန်ထရိုက်တာကုမ္ပဏီများက တာဝန်ယူထားမှုတို့ကို ရှင်းလင်းတင်ပြသည်။

မြန်မြန်အကောင်အထည်ဖော်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်ရာတွင် ရတနာပုံမြို့သစ်စီမံကိန်းနှင့်စပ်လျဉ်း၍ ကြုံတွေ့ရသော အခက်အခဲများကို မြန်မြန်ဖြေရှင်းကျော်လွှား၍ မြန်မြန်ထက်ထက် အကောင်အထည်ဖော်သွားကြရန်လိုကြောင်း။

ယနေ့ခေတ် အိုင်တီလုပ်ငန်း(သတင်းအချက်အလက်နည်းပညာလုပ်ငန်း) သည် တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေး စသည့် ကဏ္ဍအားလုံးနှင့် အကျုံးဝင် ဆက်စပ်လျက်ရှိပြီး များစွာထိရောက် အသုံးဝင် ကျယ်ပြန့်လျက်ရှိသော လုပ်ငန်းဖြစ်ကြောင်း၊ အိုင်တီကို ထိရောက်စွာ အသုံးချနိုင်မှသာ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သကဲ့သို့ တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုကလည်း အိုင်တီလုပ်ငန်းကို ပြန်လည်မြင့်မား တိုးတက်လာစေမှာဖြစ်ကြောင်း။

အားပေးပျိုးထောင်

ထို့ကြောင့် ပြည်တွင်းပြည်ပဈေးကွက်များ၏ လိုအပ်ချက်များနှင့် မိမိတို့ထူထောင်နေသော အိုင်တီစက်မှုလုပ်ငန်းများကို ထိရောက်စွာ ချိတ်ဆက်ပေးနိုင်ရန်လိုအပ်ကြောင်း၊ ဈေးကွက်ရှိမှသာ အိုင်တီစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးအောင်မြင်မှာဖြစ်၍ ဈေးကွက်ရရှိရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆက်စပ်စဉ်းစားပြီး အားပေးပျိုးထောင်ရမှာဖြစ်ကြောင်း။

နိုင်ငံတော်ကလည်း အကျိုးရှိပြီး ရင်းနှီးမြှုပ်နှံသော လုပ်ငန်းရှင်များကိုလည်း အကျိုးဖြစ်ထွန်းစေရန်အတွက် အိုင်တီစက်မှုလုပ်ငန်းများကို အားပေးပျိုးထောင်ပေးနေခြင်းဖြစ်ရာ ကြိုးကြိုးစားစား လုပ်ကိုင်ဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရတနာပုံမြို့သစ်၌ ရင်းနှီးလုပ်ကိုင်ကြမည့် ကုမ္ပဏီအလိုက် ထုတ်လုပ်သွားမည့် သတင်းအချက်အလက် နည်းပညာပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရတနာပုံမြို့သစ် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၆

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ရပ်စောက်မြို့နယ် ကျိုင်းခမ်းကျေးရွာအနီး၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က တာဝန်ယူတည်ဆောက်လျက်ရှိသော ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများကို ဧပြီ ၉ရက် နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့်တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် နံနက် ၉နာရီတွင် တောင်ကြီးမြို့မှရပ်စောက်မြို့ရှိ ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ထွေးဦးက ကျိုင်းခမ်း ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ကျိုင်းခမ်းကျေးရွာအနီးနှင့် နမ့်အက်ချောင်းပေါ်တွင်တည်ရှိပြီး အောက်ဘက်ရှိ ဇော်ဂျီရေလှောင်တမံသို့ ရေကူရေဖြည့်ပေးရန် ရည်ရွယ်တည်ဆောက်နေခြင်းဖြစ်ပါကြောင်း၊ ထို့အပြင် စက်တပ်ဆင်အင်အား ဖမဂ္ဂါဝပ်ရှိသည့် ရေအားလျှပ်စစ်စက်ရုံကိုလည်း ပူးတွဲတည်ဆောက်လျက်ရှိပါကြောင်း၊ အဓိက တည်ဆောက်လျက်ရှိသည့်လုပ်ငန်းများမှာ ပင်မတမံတည်ဆောက်ခြင်း၊ ရေထုတ်ပြွန်နှင့် ရေအားလျှပ်စစ်အဆောက်အအုံဆောက်လုပ်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်း၊ဆက်သွယ်တူးမြောင်းဖောက်လုပ်ခြင်းလုပ်ငန်းများဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းအားလုံး၏ ၁၂ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ပါကြောင်းနှင့်လုပ်ငန်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်က စီမံကိန်းပတ်ဝန်းကျင်နှင့် ဆက်စပ်နေရာများရှိ သစ်တောအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြိုးပမ်းတည်ဆောက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ကျိုင်းခမ်းရေလှောင်တမံစီမံကိန်းကို လျာထားသတ်မှတ်ကာလအတွင်း ပြီးစီးအောင် ကြိုးပမ်းတည်ဆောက်ရန်နှင့် ရေဝပ်ဧရိယာအတွင်း ကျရောက်မည့် သစ်ပင်သစ်တောများကို အချိန်မီရှင်းလင်းရန် မှာကြားပြီး ကျိုင်းခမ်းရေလှောင်တမံအောက်ဘက်ရှိ နမ့်ပါပေါင်းချောင်းပေါ်တွင် ရေလှောင်တမံတစ်ခု တည်ဆောက်ရန်ကိစ္စကို မေးမြန်းသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်ထွေးဦးက နမ့်ပါပေါင်းရေလှောင်တမံကို ကျိုင်းခမ်း ရေလှောင်တမံ မပြီးစီးမီမှာပင် တည်ဆောက်ပြီးစီးနိုင်ပြီး လက်ရှိတည်ရှိသော လယ်မြေဧက ၂၀၀ကို ရေပေးနိုင်မည့်အပြင် ထပ်မံဖော်ထုတ်ပြုပြင်လိုက်ပါက စုစုပေါင်းဧက ၁၀၀၀ခန့် အထိ စိုက်ပျိုးရေရရှိသွားနိုင်ပါကြောင်း၊ တစ်ချိန်တည်းမှာပင် ဇော်ဂျီရေလှောင်တမံသို့ ရေထပ်မံကူပေးနိုင်ပြီး ဇော်ဂျီရေအားလျှပ်စစ်ထုတ်လုပ်မှုကို ခိုင်မာစေမှာဖြစ်ပါကြောင်း၊ ထို့အပြင် ဒေသသုံး အသေးစားရေအားလျှပ်စစ်စက်ရုံငယ် ပူးတွဲတည်ဆောက်နိုင်မည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

အထောက်အကူပြု

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးက ပတ်ဝန်းကျင်ဒေသကို အကျိုးရှိစေမည့် လုပ်ငန်းဖြစ်ပြီး လက်တွေ့အကောင်အထည်ဖော် တည်ဆောက်ပေးသွားရန်နှင့် စီမံကိန်း ပတ်ဝန်းကျင်ရှိ ကျိုင်းခမ်းကျေးရွာအပါအဝင် ကျေးရွာများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပံ့ပိုးအထောက်အကူပြု လုပ်ကိုင်ဆောင်ရွက်သွားရန် မှာကြားသည်။

ပိုမိုခိုင်မာ

ကျိုင်းခမ်းရေလှောင်တမံဘက်စုံစီမံကိန်းကို တည်ဆောက်ခြင်းဖြင့် ဒေသအတွက် အသေးစားရေအားလျှပ်စစ် ထုတ်ယူရရှိမည့်အပြင် တမံအောက်ဘက်ရှိ ဇော်ဂျီရေလှောင်တမံသို့ ရေကူရေဖြည့်ပေး၍ရေအားလျှပ်စစ်ထုတ်လုပ်မှုကို ပိုမိုခိုင်မာစေမည်ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ပင်မတမံတည်ဆောက်ခြင်းများနှင့် စီမံကိန်းလုပ်ငန်းခွင် အခြေအနေတို့ကိုလည်းကောင်း၊ ကျိုင်းခမ်းကျေးရွာနှင့် ပတ်ဝန်းကျင်ဒေသဖွံ့ဖြိုးမှု အခြေအနေတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ဗထူးမြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

■ ကျောဖုံးမှ

အလှည့်ကျယှဉ်ပြိုင်

နေပြည်တော်တွင် ၁၈ကျင်းစီရှိသော နေပြည်တော် ဂေါက်ကွင်း၊ မြို့တော်ဂေါက်ကွင်းနှင့်ရေပြာဂေါက်ကွင်းတို့ရှိရာ ပြိုင်ပွဲဝင်အသင်း၁၈သင်းတို့သည် အုပ်စုသုံးစုခွဲ၍ နေ့စဉ် အဆိုပါကွင်းသုံးကွင်းတို့၌ အလှည့်ကျယှဉ်ပြိုင်ခဲ့ကြသည်။

နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲမှာဂေါက်ကွင်းအလိုက်ရိုက်ချက်တစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲဆုများ၊ ဂေါက်ကွင်းသုံးကွင်း သုံးရက်ပေါင်းရိုက်ချက်တစ်ဦးချင်းနှင့် အသင်းလိုက်ဆုများပါ ချီးမြှင့်သော ပြိုင်ပွဲဖြစ်သည်။

တက်ရောက်ခဲ့

၂၀၀၉ခုနှစ် နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၄ ရက်(သင်္ကြန်အကျနေ့) နံနက်ပိုင်းတွင် မြို့တော်ဂေါက်ကွင်း၌ကျင်းပခဲ့ရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်အားပေးခဲ့ပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်တို့က Tracer Ball ကို ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။

အုပ်စုအလိုက်ယှဉ်ပြိုင်

ထို့နောက် မြို့တော်ဂေါက်ကွင်း၊ ရေပြာဂေါက်ကွင်းနှင့် နေပြည်တော် ဂေါက်ကွင်းတို့၌ ပြိုင်ပွဲဝင်အသင်းများဖြစ်ကြသည့် အုပ်စု(က) လေတပ်ကလပ်အသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊တယက(မကွေး)အသင်း၊ KM အသင်း၊ ပယက(ရှမ်းတောင်)အသင်းနှင့် ပေါင်းလောင်းအသင်းတို့မှ ဂေါက်သီးရိုက်အားကစားသမားများသည် လည်းကောင်း၊ အုပ်စု(ခ) တပ်မတော်(ကြည်း)အသင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်း၊ သစ်တောရေးရာ ဝန်ကြီးဌာနအသင်း၊ ရေပြာ (Blue Water) အသင်း၊ Topaz အသင်းနှင့် တယက (စစ်ကိုင်း)အသင်းတို့မှဂေါက်သီးရိုက် အားကစားသမားများသည် လည်းကောင်း၊ အုပ်စု(ဂ) ရေတပ်ကလပ်အသင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနအသင်း၊ ရေပြာ Golf Paradise အသင်း၊ ပယက (ကချင်)အသင်း၊ တယက(ရန်ကုန်)အသင်းနှင့် တယက (မန္တလေး) အသင်းတို့မှ ဂေါက်သီးရိုက် အားကစားသမားများသည် လည်းကောင်း၊ ဧပြီ၁၄ရက်မှ ၁၆ ရက်အထိတစ်နေ့လျှင် ဂေါက်ကွင်းတစ်ကွင်းကျစီ အုပ်စုအလိုက် အလှည့်ကျလှည့်လည် ဂေါက်သီးရိုက်ယှဉ်ပြိုင်ခဲ့ကြသည်။

ထိုသို့ ယှဉ်ပြိုင်ခဲ့ကြရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများသည် ဧပြီ၁၄ရက်တွင် မြို့တော်ဂေါက်ကွင်း၌ လည်းကောင်း၊ ဧပြီ ၁၅ရက်တွင် ရေပြာဂေါက်ကွင်း၌ လည်းကောင်း၊ ဧပြီ ၁၆ရက်တွင် နေပြည်တော် ဂေါက်ကွင်း၌ လည်းကောင်း တက်ရောက်အားပေး ပါဝင်ကစားခဲ့ကြသည်။

တက်ရောက်အားပေးချီးမြှင့်

၂၀၀၉ခုနှစ် နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော် ဂေါက်ကွင်း၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးတက်ရောက်အားပေးချီးမြှင့်သည်။

အဆိုပါဆုချီးမြှင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှတပ်မတော်အရာရှိကြီးများ၊ တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြိုင်ပွဲဝင်အသင်း ၁၈သင်းတို့မှ ဂေါက်သီးရိုက် အားကစားသမားများ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

ရှေးဦးစွာ ကွင်းအလိုက် ကျင်းပခဲ့သော ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် တစ်ဦးချင်းဆုရရှိသူများနှင့် ဆုရရှိကြသော အသင်းများအား ဆုများပေးအပ်ချီးမြှင့်ကြရာ ဝန်ကြီး မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်က မြို့တော်ဂေါက်ကွင်း၌ ကျင်းပသည့်ပြိုင်ပွဲများတွင် အသားတင်ရိုက်ချက်၇၂ချက်ဖြင့် ပဋ္ဌမဆုရရှိသော နယ်စပ်/စည်ပင်အသင်းမှမြင့်သိန်း၊အသားတင်ရိုက်ချက် ၇၂ချက်ဖြင့်စတုတ္ထဆုရရှိသော မကွေးတိုင်းအသင်းမှဇော်ဇင်ဝင်း၊ အသားတင်ရိုက်ချက် ၇၁ ချက်ဖြင့် တတိယဆုရရှိသော ရေတပ်ကလပ်အသင်းမှ မျိုးမင်းအောင်၊အသားတင်ရိုက်ချက်၇၀ဖြင့် ဒုတိယဆုရရှိသောကေအမ်အသင်းမှ ကျော်သီဟ၊ အသားတင်ရိုက်ချက် ၇၀ဖြင့် ပထမဆုရရှိသော ပြည်ထဲရေးအသင်းမှ စိုးကျော်နိုင်၊ ပါအများဆုံးဆုရရှိသော နယ်စပ်/စည်ပင်အသင်းမှ ယဉ်အောင်လတ်၊ ဘာဒီ အများဆုံးဆုရရှိသော ကေအမ်အသင်းမှ သိန်းဇော်မြင့်၊ အဝေးဆုံးရိုက်ချက်ဆု ရရှိသော ရန်ကုန်တိုင်းအသင်းမှမင်းသူရအောင်၊

စာမျက်နှာ ၁၀ ကော်လံ ၁



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ၂၀၀၉ခုနှစ် နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တက်ရောက်အားပေး ပါဝင်ကစားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၉ခုနှစ် နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တက်ရောက်အားပေး ပါဝင်ကစားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ၂၀၀၉ ခုနှစ် နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တက်ရောက်အားပေး ပါဝင်ကစားစဉ်။ (သတင်းစဉ်)





နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီး သိန်းညွန့် ၂၀၀၉ခုနှစ် နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် Tracer Ball ကိုရိုက်၍ ပြိုင်ပွဲ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ၂၀၀၉ ခုနှစ် နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် Tracer Ball ကို ရိုက်၍ ပြိုင်ပွဲ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

၂၀၀၉ခုနှစ် နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲကို နေပြည်တော် ဂေါက်ကွင်း၌ ကျင်းပစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

အနီးဆုံးရိုက်ချက်ဆု ရရှိသော ကချင်ပြည်နယ်အသင်းမှ ဇော်မော်၊ လိုင်းနှင့် အနီးဆုံးဆုရရှိသော တပ်မတော်(ကြည်း) အသင်းမှ နိုင်လင်းဦး၊ တစ်ချက်တည်းကျင်းဝင်ဆုရရှိသော နယ်စပ်/စည်ပင် အသင်းမှ ယဉ်အောင်လတ်၊ အသင်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက်၃၇၉ချက်ဖြင့် ဒုတိယဆုရရှိသော ကေအမ်ဂေါက်အသင်းနှင့် စုစုပေါင်းရိုက်ချက် ၃၇၆ချက်ဖြင့် ပထမဆုရရှိသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ရေပြာဂေါက်ကွင်း၌ ကျင်းပခဲ့သော ပြိုင်ပွဲများတွင် တစ်ဦးချင်းနှင့် အသင်းလိုက်ဆုရရှိကြသည့် အသားတင်ရိုက်ချက်၇၀ဖြင့် ပဋ္ဌမဆုရရှိသော ရေတပ်ကလပ်အသင်းမှ သန်းဇော်၊ အသားတင်ရိုက်ချက် ၇၀ဖြင့် စတုတ္ထဆုရရှိသော ပြည်ထဲရေးအသင်းမှ စိုးကျော်နိုင်၊ အသားတင်ရိုက်ချက် ၇၀ဖြင့် တတိယဆုရရှိသော နယ်စပ်/စည်ပင် အသင်းမှ မြင့်သိန်း၊အသားတင်ရိုက်ချက် ၆၈ချက်ဖြင့် ဒုတိယဆုရရှိသော နယ်စပ်/စည်ပင်အသင်းမှ နိုင်နိုင်လင်း၊ အသားတင်ရိုက်ချက် ၆၇ချက်ဖြင့် ပထမဆုရရှိသော သစ်တောရေးရာအသင်းမှ မောင်မောင်ဦး၊ ပါ အများဆုံးဆုရရှိသော ရေတပ်ကလပ်အသင်းမှ မျိုးမင်းအောင်၊ ဘာဒီအများဆုံးဆုရရှိသော သစ်တောရေးရာအသင်းမှ မောင်မောင်ဦး၊ အဝေးဆုံးရိုက်ချက်ဆုရရှိသော ပြည်ထဲရေးအသင်းမှ အုန်းမြင့်၊ အနီးဆုံးရိုက်ချက်ဆုရရှိသော ရန်ကုန်တိုင်းအသင်းမှ စိုးမိုးအောင်၊ လိုင်းနှင့် အနီးဆုံးဆု ရရှိကြသော Topaz အသင်းမှ တင်ဦးနှင့် ကချင်ပြည်နယ် အသင်းမှ တူးအောင်၊ အသင်းလိုက် ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၃၆၅ချက်ဖြင့် ဒုတိယဆုရရှိသော သစ်တောရေးရာဝန်ကြီးဌာန အသင်းနှင့် စုစုပေါင်းရိုက်ချက် ၃၆၃ချက်ဖြင့် ပထမဆုရရှိသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် တွဲဖက် စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက နေပြည်တော်ဂေါက်ကွင်း၌ ကျင်းပခဲ့သော ပြိုင်ပွဲများတွင် တစ်ဦးချင်းနှင့် အသင်းလိုက်ဆု ရရှိကြသည့် အသားတင်ရိုက်ချက် ၇၁ချက်ဖြင့် ပဋ္ဌမဆုရရှိသော မန္တလေးတိုင်းအသင်းမှ မင်းနိုင်၊ အသားတင် ရိုက်ချက် ၇၀ဖြင့် စတုတ္ထဆုရရှိသော ကေအမ်အသင်းမှ သိန်းဇော်မြင့်၊ အသားတင်ရိုက်ချက် ၇၀ ဖြင့် တတိယဆုရရှိသော ရေတပ်ကလပ်အသင်းမှ မျိုးမင်းအောင်၊ အသားတင်ရိုက်ချက် ၆၉ချက်ဖြင့် ဒုတိယဆုရရှိသော ရန်ကုန်တိုင်းအသင်းမှ လှမျိုး၊ အသားတင်ရိုက်ချက် ၆၉ချက်ဖြင့် ပထမဆုရရှိသော သစ်တောရေးရာအသင်းမှ မြင့်သောင်း၊ ပါအများဆုံးဆု ရရှိသော သစ်တောရေးရာအသင်းမှ သူရကျော်၊ ဘာဒီ အများဆုံးဆု ရရှိသော သစ်တောရေးရာအသင်းမှ မြင့်သောင်း၊ အဝေးဆုံးရိုက်ချက်ဆု ရရှိသော ရန်ကုန်တိုင်းအသင်းမှ မင်းသူရအောင်၊ အနီးဆုံးရိုက်ချက်ဆု ရရှိသော စစ်ကိုင်းတိုင်းအသင်းမှ မင်းလွင်ဦး၊ လိုင်းနှင့် အနီးဆုံးဆု ရရှိသော ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းမှ ကျော်ကျော်လှိုင်၊ အသင်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၃၆၉ချက်ဖြင့် ဒုတိယဆုရရှိသော ရေတပ်ကလပ်အသင်းနှင့် စုစုပေါင်းရိုက်ချက် ၃၆၅ချက်ဖြင့် ပထမဆုရရှိသော သစ်တောရေးရာဝန်ကြီးဌာနအသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

အသင်းလိုက်ဆု

ထိုသို့ကွင်းအလိုက် ဆုများပေးအပ်ချီးမြှင့်ပြီးနောက် ဂေါက်ကွင်း သုံးကွင်း သုံးရက်ပေါင်း ရိုက်ချက် တစ်ဦးချင်းနှင့် အသင်းလိုက်ဆုများကို ပေးအပ်ချီးမြှင့်ရာ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က သုံးရက်ပေါင်း ရိုက်ချက်၂၁၄ ချက်ဖြင့် တစ်ဦးချင်း ဒုတိယဆုရရှိသော ရေတပ်ကလပ်အသင်းမှ မျိုးမင်းအောင်နှင့် အသင်းလိုက် စုစုပေါင်းရိုက်ချက် ၁၁၁၉ချက်ဖြင့် ဒုတိယဆု ရရှိသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆုဖလားကြီးပေးအပ်ချီးမြှင့်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ၂၀၀၉ခုနှစ် နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အကောင်းဆုံးအသင်းဆုရရှိသော သစ်တောရေးရာဝန်ကြီးဌာနအသင်းအား နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဆုဖလားကြီးကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တစ်ဦးချင်း

ဆက်လက်၍ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က သုံးရက်ပေါင်းရိုက်ချက် ၂၁၂ချက်ဖြင့် တစ်ဦးချင်း ပထမဆုရရှိသော သစ်တောရေးရာအသင်းမှ မြင့်သောင်းနှင့် အသင်းလိုက် စုစုပေါင်းရိုက်ချက် ၁၁၀၈ချက်ဖြင့် ပထမဆုရရှိသော သစ်တောရေးရာဝန်ကြီးဌာနအသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အကောင်းဆုံးအသင်းဆုရရှိသော သစ်တောရေးရာ ဝန်ကြီးဌာနအသင်းအား နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ဆုဖလားကြီးကို ပေးအပ်ချီးမြှင့်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အသင်းလိုက် ပထမဆု

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ၂၀၀၉ခုနှစ် နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အသင်းလိုက် ပထမဆုရရှိသော သစ်တောရေးရာဝန်ကြီးဌာနအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

✻ *ကျောဖုံးမှ*

ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ မစ္စတာဝမ်ကျုံးရင်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း ဆီးရီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၇

၂၀၀၉ခုနှစ် ဧပြီ၁၇ရက်တွင် ကျရောက်သော ဆီးရီးယားအာရပ် သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဆီးရီးယားအာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝါလစ်အယ်လ်မူအလမ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဆုချီးမြှင့်

တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ ၂၀၀၉ခုနှစ် နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲ နေပြည်တော်ဂေါက်ကွင်း၌ ကျင်းပခဲ့သော ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့် ၂၀၀၉ခုနှစ် နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အသင်းလိုက် ဒုတိယဆုရရှိသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

ရေကစားသူများဖြင့် စည်ကား

မဟာသင်္ကြန်အတက်နေ့က ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ တောင်ကြီးဂေါက်ကွင်းရှေ့ တောင်ကြီးရေကစားမဏ္ဍပ်၌ ရေကစားသူများဖြင့် စည်ကားလျက်ရှိစဉ်။ (မြန်မာ့အလင်း)



17-4 (10).pmd 1 4/17/2009, 5:26 AM

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ရခိုင်ရိုးရာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၁၆

ဆင္ဍမအကြိမ်မြောက် ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်(ရန်ကုန်)ပိတ်ပွဲ အခမ်းအနားကို သင်္ကြန်အတက်နေ့ (ဧပြီ ၁၆ရက်) ညနေ ၅နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူယာဉ်မောင်းသင်ကွင်း အတွင်းရှိ ဗဟိုစင်မြင့်၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်) အထွေထွေ အတွင်းရေးမှူး ဒေါ်နုမြဖွဲ့က ရခိုင်ရိုးရာ စံပြမဏ္ဍာပ်ဆုနှင့် နံ့သာသွေးပြိုင်ပွဲဆုရရှိသော အသင်းများ၏ အမည်စာရင်းကို ကြေညာပြီး မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ငြိမ်းက ရခိုင်ရိုးရာ စံပြမဏ္ဍာပ်ဆုရ မြောက်ဦးမြို့နယ်အသင်း ကိုယ်စားပြု မြောက်ဦးနန်းသူ မဏ္ဍာပ်အားလည်းကောင်း၊ နံ့သာသွေးပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဒေါ်စောခင်တင့်နှင့် အဖွဲ့ဝင်များက နံ့သာသွေးပြိုင်ပွဲပထမဆုရ ရခိုင်အမျိုးသမီးအသင်း ကိုယ်စားပြု မြတ်ပန်းသဇင် မဏ္ဍာပ်အဖွဲ့၊ ဒုတိယဆုရ မြောက်ဦးမြို့နယ်အသင်း ကိုယ်စားပြု မြောက်ဦးနန်းသူမဏ္ဍာပ်အဖွဲ့၊ တတိယဆုရ ရသေ့တောင်မြို့နယ်အသင်း ကိုယ်စားပြု ရွှေဦးသဇင်မဏ္ဍာပ်အဖွဲ့တို့အားလည်းကောင်း ဂုဏ်ပြုဆုအသီးသီးချီးမြှင့်ကြပြီး ရခိုင်ရိုးရာ သင်္ကြန်သီချင်းကို စုပေါင်းသီဆိုကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

လက်ရှိချန်ပီယံမန်ယူ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ၌ အာဆင်နယ်နှင့်ဆုံ စပိန်မှဘာစီလိုနာနှင့် အင်္ဂလန်မှချယ်လ်ဆီးတို့ ထိပ်တိုက်တွေ့

အားကစားသတင်းမှတ်စု-မောင်မောင်မြင့်ဆွေ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို (မြန်မာ့အလင်း)

ပေါ်တို ဧပြီ ၁၆

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များကို ဧပြီ ၁၆ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ လက်ရှိချန်ပီယံ မန်ယူက အဝေးကွင်း၌ အိမ်ရှင် ပေါ်တိုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲတက်ရောက်သွားပြီဖြစ်သလို အာဆင်နယ်က အိမ်ကွင်း၌ ဗီလာရီးရဲကို သုံးဂိုးပြတ်ဖြင့် အနိုင်ရပြီး ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲသို့ အသီးသီး တက်ရောက်သွားခဲ့ကြပြီဖြစ်သည်။

ပေါ်တိုနှင့် မန်ယူ

အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ ပထမအကျော့ပွဲစဉ်တွင် နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့သဖြင့် အနိုင်ကစားမှ ရမည်ဖြစ်သော လက်ရှိချန်ပီယံမန်ယူသည် ပေါ်တိုအသင်းကို ဖိဖိစီးစီးကစားခဲ့သည်။ ရွန်နေ၊ ဘာဘာတော့ဗ်တိုက်စစ်အတွဲကို စီရိုနယ်ဒို၊ ဂစ်၊ ကာရစ်နှင့် အန်ဒါဆန်တို့က ဝန်းရံခဲ့သည့် အပြင် ဖာဒီနန်ဦးဆောင်သော မန်ယူခံစစ်မှူးများကလည်း အမှားအယွင်းနည်းစွာ ကစားနိုင်ခဲ့သည်။

ပေါ်တိုက အပိုင်ကန်သွင်းခွင့် သုံးကြိမ်ရရှိခဲ့ပြီး မန်ယူက အပိုင်ကန်သွင်းခွင့် လေးကြိမ်ရရှိခဲ့သည်။ မန်ယူအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ခြောက်မိနစ်၌ ပေါ်တိုဂိုးနှင့် ကိုက်၄၀အကွာမှ စီရိုနယ်ဒိုက တိုက်ရိုက်ကန်သွင်းယူခဲ့သဖြင့် ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ စီရိုနယ်ဒို၏ဂိုးသည် ယခုနှစ်ဘောလုံးရာသီ၌ သူ၏ ဂိုးပေါင်း ၂၀ မြောက် သွင်းဂိုးလည်း ဖြစ်ခဲ့သည်။

ပေါ်တိုတို့ ချေပဂိုးသွင်းယူနိုင်ရေး ကြိုးစားသော်လည်း အရာမထင်ခဲ့သဖြင့် နှစ်ပွဲပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် မန်ယူတို့ အကြိုဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ထို့အတူ ပေါ်တိုမြေပေါ်၌ ပေါ်တိုအသင်းကို ပထမဆုံး အနိုင်ရရှိသော အင်္ဂလန်ကလပ်အသင်းအဖြစ် မန်ယူတို့ မှတ်တမ်းတင်နိုင်ခဲ့သည်။

အာဆင်နယ်နှင့် ဗီလာရီးရဲ

ပထမအကျော့ အဝေးကွင်း၌ အာဆင်နယ်တို့ တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သဖြင့် အိမ်ကွင်း၌ အားထည့်ကစားခဲ့ရာ အပိုင်ကန်သွင်းခွင့် ခုနစ်ကြိမ် ရရှိခဲ့သည်။ အာဆင်နယ်အတွက် ဂိုးများကို ၁၀မိနစ်၌ ဝေါကော့သ်၊ မိနစ် ၆၀၌ အဒီဘာယော၊ ၆၉မိနစ်၌ ပယ်နယ်တီ ပြစ်ဒဏ်ဘောမှ တစ်ဆင့် ဗန်ပါစီက တစ်ဂိုးသွင်းယူခဲ့သဖြင့် သုံးဂိုးပြတ်ဖြင့် ပြတ်ပြတ်သားသားအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ယခုပွဲတွင် ဗီလာရီးရဲမှ ကွင်းလယ်ကစားသမား အီဂူရင် ၆၈မိနစ်၌ နှစ်ဝါ တစ်နီဖြင့် အထုတ်ခံခဲ့ရသည်။

ချန်ပီယံလိဂ် ဒုတိယအကျော့ပွဲစဉ်အဖြစ် ပေါ်တိုနှင့် မန်ယူတို့ ဧပြီ ၁၆ရက်က ယှဉ်ပြိုင်ကစားရာ မန်ယူတောင်ပံကစားသမား စီရိုနယ်ဒိုက တစ်လုံးတည်းသော အနိုင်ဂိုးကို ဤသို့ ကိုက် ၄၀အကွာမှ ကန်သွင်းယူခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

ဧပြီ ၁၅ ရက်က ယှဉ်ပြိုင်ကစားခဲ့သော ချန်ပီယံလိဂ် ဒုတိယအကျော့ပွဲစဉ် အဖြစ် ဘိုင်ယန်မြူးနစ်နှင့် ဘာစီလိုနာတို့ပွဲတွင် ဘာစီလိုနာကွင်းလယ်ကစားသမား အင်ဒရက်စ်အီနေစတာ(ဲ) ဤသို့ ထိုးဖောက်ကစားခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

ဘိုင်ယန်မြူးနစ်နှင့် ဘာစီလိုနာ

ဧပြီ ၁၅ရက်က ယှဉ်ပြိုင်ကစားခဲ့သော ချန်ပီယံလိဂ်ဒုတိယ အကျော့ပွဲစဉ်များတွင် ဘာစီလိုနာတို့ ပုံမှန်ခြေစွမ်းဖြင့် ကစားခဲ့သည်။ အဝေးကွင်းဖြစ်သော်လည်း ဘာစီလိုနာတို့ ကစားကွက် စီးထားနိုင်သည်။ ပထမအကျော့ အဝေးကွင်း၌ လေးဂိုးအသွင်းခံထားရသဖြင့် အိမ်ကွင်း၌ ဘိုင်ယန်မြူးနစ်တို့ ဂိုးများများသွင်းယူနိုင်ရေး ကြိုးစားသော်လည်း ၄၇မိနစ်၌ တိုက်စစ်မှူး ရစ်ဘာရီ၏ တစ်ဂိုးသာသွင်းယူနိုင်ခဲ့သည်။

ဘာစီလိုနာအတွက် ချေပဂိုးကို ၇၃ မိနစ်၌ ကွင်းလယ်ကစားသမား ကီတာက သွင်းယူပေးခဲ့သဖြင့် နှစ်ပွဲပေါင်းရလဒ် ငါးဂိုး-တစ်ဂိုးဖြင့် ဘာစီလိုနာတို့ အကြိုဗိုလ်လုပွဲ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးနှင့် လီဗာပူး

နာမည်ကြီး လီဗာပူးတို့ ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သည်။ လီဗာပူးအတွက် ၁၉ မိနစ်၌ အော်ရီလီရိုက အဖွင့်ဂိုးသွင်းယူပြီး ၂၈ မိနစ်၌ ပယ်နယ်တီ ပြစ်ဒဏ်ဘောမှတစ်ဆင့် အလွန်ဆိုက တစ်ဂိုးသွင်းယူခဲ့သည်။ ချယ်လ်ဆီးအတွက် ချေပဂိုးကို ၅၇ မိနစ်၌ အဲလက်စ်၊ ၅၁ မိနစ်၌ ဒရော့ဘာ၊ ၇၆ မိနစ်နှင့် ၈၉မိနစ်တို့၌ လမ်းပတ်က နှစ်ဂိုး သွင်းယူပေးခဲ့သည်။ လီဗာပူး အတွက် ၈၁မိနစ်၌ လူကက်စ်နှင့် ၈၂မိနစ်၌ ဒရက်ကွတ်တို့က တစ်ဂိုးစီ သွင်းယူပေးခဲ့ရာ လေးဂိုးစီ သရေဖြစ်ပြီး နှစ်ပွဲပေါင်း ရလဒ် ခုနစ်ဂိုး-ငါးဂိုးဖြင့် ချယ်လ်ဆီးတို့ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

နဝဒေးစာနယ်ဇင်း သမဝါယမအသင်းလီမိတက် နှစ်ပတ်လည် စည်းဝေးမည်

ရန်ကုန် ဧပြီ ၁၆

မရမ်းကုန်းမြို့နယ် နဝဒေးသမဝါယမ အသင်းလီမိတက်၏ နှစ်ပတ်လည်လုပ်ငန်း ဆိုင်ရာ အစည်းအဝေးကို ဧပြီ ၉ ရက် နံနက် ၉ နာရီက မရမ်းကုန်းမြို့နယ် ရှစ်မိုင် လမ်းဆုံ မြိုင်ဟေဝန်အိမ်ရာ ကိုးနဝင်း မဂ္ဂဇင်းရုံးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မရမ်းကုန်းမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပုလဲတင် တက်ရောက်၍ အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးမှူး ဦးလှမြင့်က သဘာပတိအဖြစ် ဆောင်ရွက်ကာ ဌာနခွဲစာရေးကြီး ဒေါ်ဝင်းကြည်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

သဘာပတိက ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေမှု စာရင်းဇယားများကို ဖတ်ကြားအတည်ပြုပြီး လက်ရှိ ဒါရိုက်တာအဖွဲ့ နုတ်ထွက်ကြောင်း ကြေညာကာ ပထမပိုင်းအစီအစဉ်ကို ရုပ်သိမ်းလိုက်သည်။

ရွေးချယ်

ဒုတိယပိုင်းအစီအစဉ်အရ မြို့နယ် သ/မ ဦးစီးအရာရှိ ဒေါ်ပုလဲတင်က သဘာပတိအဖြစ် ဆောင်ရွက်၍ ဥက္ကဋ္ဌ ဦးခင်ဇော် (ဦးခင်ဇော်-မရမ်းကုန်း)၊ ဒုဥက္ကဋ္ဌ ဦးတင်မြင့်(အိုချစ်ရာ)၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးထင်ကျော်မိုး(မြေလတ်ထင်ကျော်မိုး)၊ ဒါရိုက်တာ အတွင်းရေးမှူး ဦးမျိုးမင်းသိန်း (မျိုးမင်းသိန်း-ရွှေမြိုင်)၊ အဖွဲ့ဝင် ဦးဝဏ္ဏဇော်(ဝဏ္ဏ-ဥပဒေ)တို့အား အမှုဆောင်ငါးဦးပါဝင်သော ဒါရိုက်တာအဖွဲ့အသစ်ကို ရွေးချယ်တင်မြှောက်ကာ သဘာပတိ ရှေ့မှောက်၌ ကတိသစ္စာခံယူကြလျက် အသင်းသား စာရင်းစစ်အဖြစ် ဦးမင်းမင်း၊ ဒေါ်ချစ်ပိုးဇာလီကျော်တို့က ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ (၁၁၁)

မဟာသင်္ကြန် အကြတ်နေ့က ရန်ကုန်မြို့လမ်းမတော်မြို့နယ် ၁၆လမ်းထိပ်ရှိ ဂရိတ်ဝေါရေကစားမဏ္ဍာပ်တွင် ရေကစားကြစဉ်။

(မြန်မာ့အလင်း)

မဟာသင်္ကြန်အကြတ်နေ့က အင်းလျားလမ်းရှိ Shoe Gallery မဏ္ဍာပ်၌ ရေပက်ကစားသူများအား တွေ့ရစဉ်။

(မြန်မာ့အလင်း)

အမရပူရမြို့နယ် ထုံးဘို-မြစ်ငယ် ဖြတ်လမ်း မြေသားလမ်း တိုးချဲ့ဖောက်လုပ်မှု ဆောင်ရွက်

မန္တလေး ဧပြီ ၁၀

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်သည် ကော်မတီဝင်ဦးကျော်ဝင်းနှင့် ဌာနမှူးများလိုက်ပါလျက် မတ် ၃၀ရက် ညနေ ၃ နာရီခွဲက မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသော ချမ်းအေးသာစံမြို့နယ်ရှိ ဖ၆လမ်းအား ၂၈လမ်းမှ လမ်း ၃၀အတွင်း ကတ္တရာလမ်း အဆင့်မြှင့်တင်ခင်းကျင်းမှုလုပ်ငန်းနှင့် အမရပူရမြို့နယ် ထုံးဘို-မြစ်ငယ်ဖြတ်လမ်းမှ ပြည်ကြီးတံခွန်မြို့နယ် ကနောင်မင်းသားကြီးလမ်းအထိ ၆၈လမ်းအား မြေသားလမ်းတိုးချဲ့ဖောက်လုပ်မှုလုပ်ငန်းခွင်များသို့ သွားရောက်ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။(ဝဲပုံ)

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ်ရှိ ဖ၆လမ်းအား ၂၈ လမ်းမှ လမ်း၃၀အတွင်း အရှည်ပေ ၁၁၂၀၊ အကျယ် ၁၈ပေရှိ ကတ္တရာလမ်းအဆင့်မြှင့်တင် ခင်းကျင်းဆောင်ရွက်မှုလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးရာ လမ်းတံတားဌာန ဌာနခွဲမှူးနှင့် အင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့တော်ဝန်က လမ်းများရေရှည်အသုံးပြုနိုင်ရန်အတွက် တာဝန်ခံအင်ဂျင်နီယာတို့အား မှာကြားပြီး လုပ်ငန်းခွင်အတွင်း အခြေခံကျောက်လွှာ ခင်းကျင်းဆောင်ရွက်နေမှု၊ လမ်းကြိတ်စက်ဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် အမရပူရမြို့နယ် ထုံးဘို-မြစ်ငယ် ဖြတ်လမ်းမှ ပြည်ကြီးတံခွန်မြို့နယ် ကနောင်မင်းသားကြီးလမ်းအထိ အရှည်ပေ ၁၀၃၀၀၀၊ အကျယ်ပေ ၄၀ရှိ ၆၈ လမ်းတစ်လျှောက် မြေသားလမ်းတိုးချဲ့ဖောက်လုပ်မှု လုပ်ငန်းခွင်သို့ ရောက်ရှိလာရာ လမ်းတံတားဌာန ဌာနခွဲမှူးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က မြေဖို့လုပ်ငန်း၊ မြေညှိစက်ဖြင့် မြေညှိခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့တော်ဝန်က မြေသားလမ်းတစ်လျှောက် လမ်းဘေးဝဲ၊ယာ ရေနုတ်မြောင်းများ စနစ်တကျ တူးဖော်သွားရေး၊ လမ်းသားအမာခံရရှိအောင် ဆောင်ရွက်သွားရေးကိစ္စရပ်များကို လမ်းတံတားဌာန ဌာနခွဲမှူးနှင့် တာဝန်ခံအင်ဂျင်နီယာတို့ကို မှာကြားခဲ့ကြောင်း သိရသည်။ (၁၁၃)

စက်မှု(၁) အထူးဈေးရောင်းပွဲ မကွေး၌ဖွင့်

မကွေး ဧပြီ ၂

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲကို မတ် ၂၀ရက် နံနက်စနာရီက မကွေးမြို့ ကန်သာရပ်ကွက် အထက(၁)လမ်း ဘုရားကွင်း၌ကျင်းပရာ မကွေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းအေးလွင်၊ မကွေးတိုင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးမျိုးကွန့်နှင့်ဆပ်ပြာစက်ရုံမှူး ဒုတိယဗိုလ်မှူးကြီးမောင်အောင်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (၀၇၂)

(၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြု အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

မြစ်ကြီးနား ဧပြီ ၂

မြစ်ကြီးနားမြို့နယ် နန်းကွေ့ကျေးရွာအုပ်စု ပြည်တောင်ကျေးရွာ အလင်းရောင်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့်ဟောပြောပွဲကို မတ်၂၃ ရက်က အဆိုပါကျေးရွာစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ နန်းကွေ့ကျေးရွာအုပ်စု ဥက္ကဋ္ဌဦးနန်ရှောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးထွန်းက စာပေမြင့်မှလူမျိုးမြင့်မည် ခေါင်းစဉ်ဖြင့် ဟောပြောသည်။

လက်ခံရယူ

ထို့နောက် မြစ်ကြီးနားခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးက စာအုပ်၊ စာစောင် အုပ် ၃၅၀နှင့် ရေဒီယို တစ်လုံး၊ ကျေးရွာပြည်သူများက စာအုပ်၊ စာစောင်၅၆၁အုပ်တို့ကိုပေးအပ် လှူဒါန်းရာ ပြည်တောင်ကျေးရွာ ဥက္ကဋ္ဌ ဦးကြည်ဟန်ကလက်ခံယူသည်။

ထို့နောက် စာကြည့်တိုက်အဆောက်အအုံကိုကျေးရွာဥက္ကဋ္ဌ ဦးကြည်ဟန်၊ ကျေးရွာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးကျော်သန်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ (မြို့နယ် ပြန်/ဆက်)

မာန်အောင်မြို့ ဗိုလ်ချုပ်လမ်း တတိယပိုင်း ကတ္တရာလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီလွင်နှင့် အမှုဆောင်အရာရှိဦးစောထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

မိဘများအား အမှူးထား၍ ပုသိမ်မြို့ တကောင်းဘုရားလမ်းနေ ဦးမြတ်လင်း-ဒေါ်တင်မြ(အိအိချို-ဇရုတ်သီးမှုန့်)နှင့်ဈေးမင်း၄လမ်းနေ ဦးမြတ်ထွန်း-ဒေါ်အေးအေးသိန်း မိသားစုတို့က ကျောင်းသစ်ဆောက်လုပ်ရန်အတွက် ငွေကျပ် ၄၅သိန်းကို တည်ဆောက်ရေး အဖွဲ့နာယက တိုင်းရင်းဆေးဆရာကြီး ဦးဟန်သိန်းထံ ပေးအပ်လှူဒါန်းစဉ်။(၁၅၇)

အမြို့မြို့ အနယ်နယ် သတင်းများ

မြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးဖြစ်သော မြို့မဈေးအတွင်း အိုင်အိုခင်းဆားရောင်းချမှုကို အမှုဆောင်အရာရှိ ဦးမြင့်ဟန်နှင့်အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇော်မင်းဦးတို့ ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မင်းပြားမြို့ မြို့ဝင်လမ်းတွင် Flower Box လုံး၂၀ ဆောင်ရွက်ထားရှိမှုကို ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့် ဖေဖော်ဝါရီ ၁၅ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းအောင်နှင့်တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ချီဖွေ-မြစ်ကြီးနား ဘမ်ဘင်မော်တော်ယာဉ်အသင်းဖွင့်

ချီဖွေ ဧပြီ ၅

ချီဖွေမြို့ ရစ်လော်ရပ်ကွက်တွင် ချီဖွေ-မြစ်ကြီးနား ဘမ်ဘင်ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မော်တော်ယာဉ်အသင်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၇ရက် နံနက် ၈နာရီက ကျင်းပရာ ချီဖွေမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြအေး၊ နယ်မြေခံတပ်နယ်မှ ဒုတိယ ဗိုလ်မှူးကြီးအောင်လွင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် မော်တော်ယာဉ်ခရီးသည်များ တက်ရောက်ကြသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးအောင်လွင်က ဘမ်ဘင်ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးမော်တော်ယာဉ်အသင်း ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မော်တော်ယာဉ်အသင်းဥက္ကဋ္ဌ ဦးရှီဇော်လွမ်းဇောင်းက မော်တော်ယာဉ်အသင်းဖွင့်လှစ်ရခြင်းကို ရှင်းလင်းပြောကြားကာ ပထမဦးဆုံးပြေးဆွဲမည့် မော်တော်ယာဉ်ကို ချီဖွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မော်တော်ယာဉ်အသင်းဥက္ကဋ္ဌနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ဖဲကြိုးဖြတ်ပေးပြီး မော်တော်ယာဉ် ခရီးစဉ်စတင်ပြေးဆွဲခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

သီပေါမြို့နယ်အတွင်းရှိ ကုန်းရမ်း-နာကြူကျေးလက်ကျောက်ချောလမ်းဖောက် လုပ် မှု ကို သီ ပေါ မြို့ နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်လွင်တို့ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

သစ်ပင်ပျိုးပွဲ မိုင်းဆတ်မြို့နယ်၌ ကျင်းပ

မိုင်းဆတ် ဧပြီ ၇

မိုင်းဆတ်မြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွက် သစ်ပင်ပျိုးပွဲတော်အခမ်းအနားကို ဧပြီ ၂ ရက် နံနက်ပိုင်းက သစ်တောဦးစီးဌာန ဦးစီးရုံးဝင်းအတွင်းရှိ မြို့မပျိုးဥယျာဉ်တွင် ကျင်းပရာ မိုင်းဆတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်၊ မိုင်းဆတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ညွန့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်သည်။

ပြသ

ရှေးဦးစွာ မိုင်းဆတ်မြို့နယ် သစ်တောဦးစီးဌာနမှူးဦးဝင်းဗိုလ်က တစ်အိမ်ထောင်ကျွန်းသုံးပင်၊သစ်မာအပင် ၂၀နှင့် ကျေးလက်အိမ်ရာထူထောင်ရေး ကျေးရွာပိုင်သစ်တောစိုက်ခင်းတစ်ဧက စိုက်ပျိုးနိုင်ရေးဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ပျိုးထောင်နည်းစနစ်များကို ရှင်းလင်းပြသသည်။

ပျိုးထောင်

ထို့နောက်ခရိုင်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပျိုးဥယျာဉ်အတွင်းရှိ ပျိုးအိတ်များအတွင်း ကျွန်း၊ ယူကလစ်နှင့် အခြားအရိပ်ရပျိုးပင်များ ပျိုးထောင်ပေးကြသည်။

ဖြန့်ဝေ

မိုင်းဆတ်မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် မိုင်းဆတ်၊ မိုင်းပျင်း၊ မိုင်းခုတ်၊ တုံတာမြို့နယ်များအတွင်း ကျွန်း၁၀၅၆၀၊ ယူကလစ်ပင် ၁၁၁၀၀နှင့် အခြားအရိပ်ရလူထုဖြန့်ပျိုးပင်၁၆၀၀၀ စုစုပေါင်း အပင် ၃၇၆၆၀ ပျိုးထောင်ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြစ်ငယ်မူကြိုကျောင်း၌ ပညာရည်ချွန်ဆုချီးမြှင့်

မြစ်ငယ် ဧပြီ ၅

မန္တလေးတိုင်း အမရပူရမြို့နယ် မြန်မာ့မီးရထားလုပ်စီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)က ကြီးမှူးဖွင့်လှစ်သော ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို မတ် ၂၂ရက် နံနက် ၉ နာရီက အဆိုပါ မူလတန်းကြိုကျောင်း၌ ကျင်းပရာ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် ထူးချွန်ဆုရကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီးထူးချွန်ဆုရရှိစေရန် သင်ကြားပေးသော ကျောင်းအုပ်ဆရာမကြီးနှင့်ဆရာမများအား လက်ထောက်အထွေထွေမန်နေဂျာက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးသည်။ **(၀၈၀)**

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဘုရင့်နောင်အင္ဂပတ်လမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့်

ကျောက်ဆည် ဧပြီ ၅

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်ဆည်မြို့ ဘုရင့်နောင်ရပ်ကွက် ဘုရင့်နောင်အင္ဂပတ်လမ်း ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးကြည်က ကတ္တရာထပ်ပိုးလွှာလမ်းသစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရပ်ကွက်နေပြည်သူများကိုယ်စား ရပ်မိရပ်ဖ ဦးသန်းဇော်ဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိက လမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများ ပေးအပ်ပြီး တိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့်၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအုံ့မော်နှင့် အမှုဆောင်အရာရှိ ဦးမျိုးကြည်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆောင်ရွက်

အဆိုပါ ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဘုရင့်နောင်အင္ဂပတ်လမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်ကို ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်တွင် အရှည်ပေ ၁၀၅၀၊ အကျယ် ၁၂ပေကို ငွေကျပ်သိန်း ၇၀ဖြင့်လည်းကောင်း၊ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် အရှည်ပေ ၈၀၀၊ အကျယ် ၁၇ ပေကို ငွေကျပ် ၇၂ ဒသမ ၇၅သိန်းဖြင့်လည်းကောင်း၊ အရှည်ပေ ၆၀၀၊ အကျယ် ၁၈ပေကို စည်ပင်မှ ငွေကျပ် ၃၃ ဒသမ ၆၂ သိန်း၊ ပြည်သူများ ထည့်ဝင်ငွေကျပ် ၃၃ သိန်းဖြင့်လည်းကောင်း စုစုပေါင်းအရှည်ပေ ၁၈၅၀၊ အကျယ် ၁၄ ပေကို စည်ပင်မှ ငွေကျပ် ၁၇၆ ဒသမ ၃၇သိန်း၊ ပြည်သူများ ထည့်ဝင်ငွေကျပ် ၃၃သိန်း စုစုပေါင်းငွေကျပ် ၂၀၉ ဒသမ ၃၇သိန်းဖြင့် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကညွတ်ကွင်း၌ ဘောလုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ကညွတ်ကွင်း ဧပြီ ၁၀

ဖြူးမြို့နယ် ကညွတ်ကွင်းမြို့၌ ဧရာရွှေဝါကုမ္ပဏီနှင့် မက်(စ်)မြန်မာ ကုမ္ပဏီတို့၏ ကူညီပံ့ပိုးမှုဖြင့် မြို့မမြို့ဖ ဦးစီးကျင်းပသော (၁၀)ကြိမ်မြောက် ဘောလုံးပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို မတ် ၃ရက် ညနေ ၃နာရီခွဲက ကညွတ်ကွင်းအားကစားကွင်းကြီး၌ ကျင်းပသည်။

ဆုပေးပွဲ အခမ်းအနားသို့ မြို့မိ မြို့ဖ ဦးညွန့်ဝင်း၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူး မြင့်ကျော်ထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးလွင်မင်းနှင့်အဖွဲ့ဝင်များ၊ ကွင်းရှေ့ကွင်းနောက် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖ ဦးအောင်မြင့်တို့ တက်ရောက်ကြပြီး တပ်ရင်းမှူး ဗိုလ်မှူးမြင့်ကျော်ထွန်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးလွင်မင်းတို့က တတိယဆုရ သရက်ကုန်းအသင်းအား ဆုပစ္စည်းနှင့် ငွေသားကျပ် သုံးသိန်း၊ ဒုတိယဆုရ ဇလုပ်ကျေးရွာအသင်းအား ဆုပစ္စည်းနှင့်ငွေသား ကျပ်လေးသိန်းချီးမြှင့်သည်။

ထို့နောက် ပထမဆုရ မြင်ပင်ကျေးရွာ ဘောလုံးအသင်းအား ကျင်းပရေး ဥက္ကဋ္ဌ မြို့မိ မြို့ဖ ဦးအောင်မြင့်က ဆုပစ္စည်းနှင့် ငွေသားကျပ် ခြောက်သိန်း**(ယာပုံ)**၊ နေပြည်တော်မှ T.Z.T.M ဆောက်လုပ်ရေးကုမ္ပဏီ စီမံကိန်းဒါရိုက်တာ ဦးထွန်းမြင့်က အသန့်ရှင်းဆုံးဆုရ အောင်မင်္ဂလာဘောလုံးအသင်းအား ဆုငွေကျပ်တစ်သိန်းနှင့် ဒိုင်ချုပ်ဦးကံစိန်နှင့် အဖွဲ့ ၂၀အား ဂုဏ်ပြုလက်ဆောင် ပေးအပ်ကြောင်း သိရသည်။ (၀၄၆)

မြို့နယ် သတင်းများ

မီးဘေးကြိုတင်ကာကွယ်ရေး မန္တလေး၌ ဆောင်ရွက်

မန္တလေး ဧပြီ ၄

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းသည် ရုံးချုပ်ဒုတိယညွှန်ကြားရေးမှူးဦးသင်းဌေးရွှေ၊ မန္တလေးတိုင်း မီးသတ်ဦးစီးမှူး ဦးတင်မင်း၊ မန္တလေးခရိုင် အရန်မီးသတ်ကြီးကြပ်ရေးကော်မတီဝင်များ လိုက်ပါလျက် မတ် ၂၁ ရက်က မန္တလေးမြို့ပေါ်ရှိ အရန်မီးသတ်စခန်းများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ရှေးဦးစွာ မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ အရန်မီးသတ်စခန်းခန်းမတွင် မြို့နယ်ဦးစီးမှူးတပ်စုမှူးက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားမှုများ၊ မီးသတ်ယာဉ်တောင့်တင်းခိုင်မာရေး၊ တပ်ဖွဲ့ဝင်များ အသင့်အနေအထားရှိရေး ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ချမ်းမြေ့ပွဲရုံ ဦးအောင်မောင်းမိသားစုက ငွေကျပ် သိန်း ၅၀ အကုန်အကျခံ၍ မီးသတ်ရေယာဉ်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ်အရှေ့ ကျောက်ဆစ်မီးသတ်စခန်းသို့ရောက်ရှိပြီး မီးသတ်ယာဉ်နှင့်စခန်းဝန်းကျင် သန့်ရှင်းမှုအခြေအနေများ၊ တပ်ဖွဲ့ဝင်များ နေ့စဉ်တာဝန်ချထားမှုများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲမှူး ဦးမျိုးညွန့်နှင့် တပ်စုမှူးတို့က ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များ မှာကြားကြောင်း သိရသည်။ (၀၉၀)



ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၄ရက်က ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန မြင်းခြံခရိုင်ရုံး၌ ကျင်းပရာ ခရိုင်ဦးစီးမှူး ဒေါ်စုမြတ်နှင်းက ရှင်းလင်းပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သည့် ကျေးလက်လုပ်ငန်းဖြစ်သော မိုးတားကြီး-ဟဲနားလမ်း မြေသားတာပေါင်တင်ခြင်း အရှည် ၁ မိုင်၄ဖာလုံ၊ အကျယ် ၁၈ပေကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကြာလင်း ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးထွန်းထွန်း ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြတ်ရွှေနန္ဒီ ကျေးလက်ဆေးပေးခန်း အဆောက်အအုံသစ်ဖွင့်ပွဲ ကျုံပျော်၌ကျင်းပ

ကျုံပျော် ဧပြီ ၉

ပုသိမ်ခရိုင် ကျုံပျော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ကညင်ဆိုင်ကျေးရွာ မြတ်ရွှေနန္ဒီ ကျေးလက်ဆေးပေးခန်း အဆောက်အအုံသစ်ဖွင့်ပွဲကို ဧပြီ၅ရက် နံနက်၁၁နာရီက အဆိုပါဆေးပေးခန်းရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ မြတ်ရွှေနန္ဒီ ကျေးလက်ဆေးပေးခန်း အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲဝင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ် ဆရာဝန်ဒေါက်တာအောင်ဝင်းနှင့် မြတ်ရွှေနန္ဒီ မိသားစုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် မြတ်ရွှေနန္ဒီမိသားစုတို့က ငွေကျပ်သိန်း၄၀ကျော်တန်ဖိုးရှိ ကျေးလက်ဆေးပေးခန်း အဆောက်အအုံနှင့် ငွေကျပ်သုံးသိန်းကျော်တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန်က လက်ခံယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မယ်စဲမြို့ ရေစုကန် ရေပေးဝေမှု အခြေအနေကို ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းဟန် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးမိုးအောင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မုံရွာမြို့ တော်ဝင်ရွှေပြည် သုံးဘီးယာဉ်အသင်း မြို့တွင်းခရီးစဉ် ယာဉ်လိုင်းငယ် တိုးချဲ့ဖွင့်လှစ်

မုံရွာ ဧပြီ ၅

မုံရွာမြို့ တော်ဝင်ရွှေပြည် သုံးဘီးယာဉ်အသင်း နမခ-မုံရွာ (မြို့တွင်း)ခရီးစဉ်ယာဉ်လိုင်းငယ် တိုးချဲ့ဖွင့်လှစ်ခြင်းအခမ်းအနားကို ဧပြီ ၁ရက် နံနက် ၉ နာရီက ကံကြီးဂိတ်တွင်ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းကြည်နှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တော်ဝင်ရွှေပြည်အသင်းဥက္ကဋ္ဌ ဦးတင့်ဆွေနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မုံရွာမြို့ တော်ဝင်ရွှေပြည် သုံးဘီးယာဉ်အသင်းဥက္ကဋ္ဌ ဦးတင့်ဆွေက ယာဉ်လိုင်းငယ်အသင်းနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြသည်။

ဖွင့်လှစ်

ထို့နောက် ယာဉ်လိုင်းငယ်အသင်းအား မုံရွာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာထွန်း၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(ခရိုင် ပြန်/ဆက်)**

နှစ်သစ်ကူး ဆုမွန်ချွေ

[illegible]

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏ သားဖြစ်သူ မောင်ကျော်တင့်လွင်(ခ) မောင်ကျော်ထွဋ်အောင် ၁၀/မဒန(နိုင်) ၁၀၃၇၃၉သည် မိဘများအား စိတ်ဆင်းရဲအောင် ပြုမူဆောင်ရွက်ပြီး ၄င်း၏ဆန္ဒအလျောက် ၁၆-၃-၂၀၀၈ရက်တွင် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ အမွေစား အမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၄င်းနှင့်ပတ်သက်သော ကိစ္စအားလုံးကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးတင်အောင် MME-၆၄၇၈၇၄၊ ဒေါ်မြင့်အေး ၁၀/မလမ(နိုင်) ၀၂၀၇၉၆ အမှတ်(၉၁)၊ ဗဟိုလမ်း၊မော်လမြိုင်မြို့။

မွေးနေ့ဆုမွန်

ချစ်ခင်ပွန်း ကိုဇော်မိုးအောင်(ဆရာကျောင်း)B.Sc (Maths) 2nd Mate (F.G)(3rd Officer M.V JENFU) EASTWIND SHIPMANAGEMENT Pte.,Ltd.၏ ၁၇-၄-၂၀၀၉ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကာယ၊ စိတ္တသုခနှစ်ဖြာပြည့်စုံစွာဖြင့် အောင်မြင်သောဘဝကို ပိုင်ဆိုင်နိုင်ပြီး ပျော်ရွှင်ချမ်းမြေ့သောမိသားစုဘဝကို တည်ဆောက်လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်တောင်းလျက်-

ချစ်ဇနီး	-	**မအေး**
သမီး	-	**နှင်းဝတ်ရည်အောင် (2nd Year M.I.T)**
		ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ရန်ကုန်
သား	-	**နေထက်လင်း (Grade-9)။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃က/၂၅၀၂ Toyota Corolla KE 72 s/w (4×2)ယာဉ်လက်ဝယ်ရှိသူ ဦးညီညီ ၅/ဆလက(နိုင်) ၀၄၇၄၈၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး၊ (ရန်ကုန်အနောက်ပိုင်းရုံး)၊ရန်ကုန်မြို့။

စာအုပ်စာပေ လူ့မိတ်ဆွေ

နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော နှစ်သစ်ကူးတွင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအားလုံး စည်းစိမ်ဥစ္စာတိုးပွား၍ ကျန်းမာရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ခင်ပြုံးမွန် ပါတိတ်

SOLO MEN COLLECTIONS

GRAND SOLO ပါတိတ်

ပူတာအိုတွင် ငါးမျိုးများဖြန့်ဖြူးစိုက်ထည့်

ပူတာအို ဧပြီ ၅

ပူတာအိုခရိုင်မူလာရှီးဒီကျေးရွာအုပ်စု ရေကျော်ဒီကျေးရွာရှိဦးအားခီနူး၏ ငါးမွေးကန်သို့ မတ် ၇ရက်က ရောင်စုံငါးကြင်း ငါးသန်ကောင်ရေ ၅၀၀နှင့် တီလားပီးယား ငါးသန်ကောင်ရေ ၁၀၀၀ကို ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဝင်း၊ ကချင်ပြည်နယ် ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးအယ်လ်တူးရိုန်တို့က ပေးအပ်ပြီး ပူတာအိုခရိုင်မွေးမြူရေးနှင့် ကုသ ရေးဦးစီးဌာနမှူး ဦးမြင့်မောင်၊ ပူတာအို အအေးပိုင်းငါးလုပ်ငန်း စခန်းတာဝန်ခံ ဦးရဲထွန်းနိုင်၊ ဦးအားခီနူးနှင့် မိသားစုတို့က ငါးမျိုးများစိုက်ထည့်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ဦးအားခီနူး၏ ငါးမွေးကန်တွင် အအေးပိုင်းငါးမျိုးများဖြစ်သည့် ရေခဲငါး၊ငါးနီ၊ငါးတောက်နှင့် ငါးရွှေစသည့်မျိုးငါးများ စုဆောင်းမွေးမြူထားပြီး ဒေသအတွင်း ငါးပေါများရေးအတွက် ပူတာအို အအေးပိုင်းငါးလုပ်ငန်းစခန်းမှ ငါးသားဖောက်၍ မြစ်ချောင်းအင်းအိုင်များသို့ ငါးမျိုးစိုက်ထည့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ငါးဦးစီး)**

(၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြု ရမည်းသင်း၌ ပညာ့အလင်းစာကြည့်တိုက်ဖွင့်

ရမည်းသင်း ဧပြီ ၄

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရမည်းသင်းမြို့နယ်၊ ဖိုကုန်းကျေးရွာအုပ်စု ရေဖြူကျေးရွာ ပညာ့အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲကို မတ် ၂၃ရက် နံနက်၁၀နာရီက အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် စာကြည့်တိုက် အဆောက်အအုံသစ်ကို ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးချိုမောင်နှင့် စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ် ၅၀လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးစိန်မြိုင်က လက်ခံပြီး ခရိုင်ဦးစီးအရာရှိက ကျေးရွာစာကြည့်တိုက် ရေရှည်ခိုင်မာ ရှင်သန်ရေး ကိစ္စရပ်များ ရှင်းလင်းဆွေးနွေးသည်။

တက်ရောက်

အဆိုပါရေဖြူကျေးရွာ ပညာ့အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ ဖိုကုန်းကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဖေနှင့် အဖွဲ့ဝင် များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

ကြို့ပင်ကောက် အားကစားနှင့်ကာယပညာကော်မတီကြီးမှူး နွေရာသီ အခြေခံ အားကစားသင်တန်းများဖွင့်

ကြို့ပင်ကောက် ဧပြီ ၄

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူးဖွင့်လှစ်သော ၂၀၀၉ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်းဖွင့်ပွဲကို မတ် ၂၄ရက် နံနက် ၇နာရီက ကြို့ပင်ကောက်မြို့အထကကျောင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရေးဝန်ထမ်းများ၊ သင်တန်းနည်းပြဆရာများ၊ သင်တန်းသူ သင်တန်းသား ၂၆၉ဦးနှင့် မိဘများ တက်ရောက်ကြသည်။

ပြောကြား

ရေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)ဒုတိယရဲမှူး တင်အုန်းနှင့် မြို့နယ်ပညာရေးမှူး ဦးအောင်ဝင်းတို့က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

သင်တန်းကာလ

အဆိုပါသင်တန်းတွင် မြို့ပေါ်ရှိ အခြေခံပညာမူလတန်းနှင့် အလယ်တန်း ကျောင်းသား ကျောင်းသူ အသက်၁၀နှစ်မှ ၁၃နှစ်ရှိသူများဖြစ်ကာ ဘောလုံး၊ ဘော်လီဘော၊ စားပွဲတင်တင်းနစ်၊ စစ်တုရင်နှင့် ပိုက်ကျော်ခြင်းများပါဝင်ပြီး သင်တန်းကာလမှာ မတ် ၂၄ရက်မှ ဧပြီ ၂ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **(၁၈၁)**

မြို့နယ်သတင်းများ

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ပြည်သူ့ပန်းခြံ ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ထားမှုကို မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော် ဖေဖော်ဝါရီ ၂၆ရက်က စစ်ဆေးရာ အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်၊ ဦးစီးအရာရှိ ဦးထင်အောင်နှင့် လက်ထောက်အင်ဂျင်နီယာ (စက်မှု)ဦးကျော်စွာဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တွံတေးမြို့ ရွှေဆံတော်ဘုရားလမ်းရှိ မိဘဂုဏ်ဘိုးဘွားရိပ်သာ အဘိုးအဘွားများအတွက် အာဟာရဒါနအဖြစ် ရန်ကုန်မြို့နေ ဦးတင်ဆိုင်-ဒေါ်ကြည်ကြည်ဝင်း မိသားစု ရှိုးကမ္ဘာပိုးထည်တိုက် ယုဇနပလာဇာက ငွေကျပ်နှစ်သိန်းငါးသောင်း လှူဒါန်းရာ အလှူရှင်ကိုယ်စား ဦးတင်လှိုင် ဒုတိယဥက္ကဋ္ဌ(၂)ကပေးအပ်ရာ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးထွန်းကြိုင် လက်ခံယူစဉ်။ (၁၀၅)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ကျွန်း ဘိုအောင်းမြို့၌ ကျင်းပမည့် ၂၀၀၉ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲသို့ တက်ရောက်ရန်ထွက်ခွာသွားသော

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ကျွန်း ဘိုအောင်းမြို့၌ ကျင်းပမည့် ၂၀၀၉ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲသို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၁၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည်တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ကျွန်း ဘိုအောင်းမြို့၌ ကျင်းပမည့် ၂၀၀၉ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲသို့ တက်ရောက်ရန် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်ချုပ်ကိုကို၊ *စာမျက်နှာ ၁၀ ကော်လံ ၅* *

ထူးခြားသည့် နေ့အပူချိန်

(၁၆-၄-၂၀၀၉)

တောင်ငူ	၃၉	ဒီဂရီစင်တီဂရိတ်
ရွှေကျင်	၃၉	ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော်	၀	ဒသမ	၅၅	လက်မ
ကျောက်တော်	၁	ဒသမ	၁၄	လက်မ
ကျောက်ဖြူ	၀	ဒသမ	၉၄	လက်မ

မုန်တိုင်း သတိပေးချက်

နေပြည်တော် ဧပြီ ၁၆

(၁၆-၄-၂၀၀၉ ရက် မြန်မာစံတော်ချိန် ၁၈း၃၀ နာရီ ထုတ်ပြန်ချက်)

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း (ဘစ်ဂျ်လီ)သည် အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ အရှေ့ဘက် မိုင် ၁၈၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး လွန်ခဲ့သော သုံးနာရီအတွင်း မြောက်၊ အရှေ့မြောက်သို့ ရွေ့လျားပြီး နောက် ၄၈ နာရီအကြာ ဧပြီ ၁၈ ရက်(စနေနေ့) မွန်းလွဲပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံ ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသအနီးမှ ကုန်းတွင်းပိုင်းသို့ ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းထားသည်။

မုန်တိုင်း၏ လက်ရှိအင်အားအဆင့်မှာ လိမ္မော်ရောင်အဆင့် ဖြစ်လာပြီး မြန်မာနိုင်ငံ ကမ်းရိုးတန်းဆီသို့ ဦးတည်ရွေ့လျားလာနေသည်ဟု သတ်မှတ်သည်။ မုန်တိုင်းဖြတ်ကျော်စဉ် မုန်တိုင်းဒီရေသည် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တွင် ငါးပေမှ ခုနစ်ပေခန့်၊ မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းတစ်လျှောက်တွင် သုံးပေမှ လေးပေခန့် မြင့်တက်လာနိုင်သည်။ မုန်တိုင်းဖြတ်ကျော်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီ မိုင် ၆၀ မှ မိုင် ၇၀ အထိ တိုက်ခတ်နိုင်ပြီး လှိုင်းကြီးနိုင်သည်။

သို့ပါ၍ ရခိုင်ကမ်းရိုးတန်းဒေသ မြန်မာ့ပင်လယ်ပြင်ဒေသများရှိ ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်နှင့် စက်လှေများ၊ ခရီးသွားရေယာဉ်များအနေဖြင့် မုန်တိုင်းအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် ပင်လယ်ပြင်မှ ဘေးလွတ်ကင်းရာသို့ ကြိုတင်ရှောင်ရှားသင့်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

၂၀၀၉ ခုနှစ် နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲများကို ဧပြီ (၁၄)၊ (၁၅) နှင့် (၁၆) ရက်တို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး ဧပြီ (၁၆) ရက်တွင် ဆုများချီးမြှင့်

နေပြည်တော် ဧပြီ ၁၆

၂၀၀၉ခုနှစ် နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၄ ရက် သင်္ကြန်အကျနေ့မှ ဧပြီ ၁၆ ရက် သင်္ကြန်အတက်နေ့အထိ နေပြည်တော်ရှိ မြို့တော်ဂေါက်ကွင်း၊ ရေပြာဂေါက်ကွင်းနှင့် နေပြည်တော်ဂေါက်ကွင်းတို့၌ ကျင်းပခဲ့ရာ ပြိုင်ပွဲဝင် တပ်မတော် (ကြည်း၊ ရေ၊ လေ)၊ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းများမှ အသင်းများနှင့် ဂေါက်ကလပ်အသင်းများပါဝင်သော ပြိုင်ပွဲဝင်အသင်း ၁၈ သင်းတို့မှ အားကစားသမား ၁၀၈ ဦးတို့ ပါဝင်ယှဉ်ပြိုင် ကစားခဲ့ကြသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ■

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး